# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး

# (၁၉) ရက်မြောက်နေ့ အစည်းအဝေးမှတ်တမ်း

၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်

( ၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၃ ရက် )

[ တနင်္လာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော် ၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေးရဲ့ (၁၉) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# ကတိသစ္စာမပြုရသေးသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ခ)အရ ကတိသစ္စာ မပြုရသေးတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ဥက္ကဋ္ဌ ရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမှာဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အသစ်များ စင်မြင့်ရှေ့မှာ နေရာယူပေးဖို့ ဖြစ်ပါတယ်။

အစည်းအဝေးခန်းမအတွင်းမှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်အားလုံး မတ်တတ်ရပ်ပေးကြဖို့ဖြစ်ပါတယ်။

ကတိသစ္စာ တိုင်ပေးတဲ့အခါ ကျွန်ုပ်လို့ တိုင်ပေးလို့ရှိရင် ကွက်လပ်မှာ မိမိရဲ့အမည်၊ သည်အထိကို ဆိုဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ "ကျွန်ုပ် -------------- -- သည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိ ရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့ပြင် ယခု ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သောတာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာကတိသစ္စာပြုပါသည်။"

**ဥက္ကဋ္ဌ။** ။ အားလုံး နေရာပြန်ယူလို့ရပါပြီ။

# အမျိုးသားလွှတ်တော် (၁၉) ရက်မြောက်နေ့ အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့မှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေး သို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၉)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၁၅)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏(၉၈.၁၇) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က) နဲ့ (ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

# အမျိုးသားလွှတ်တော် အစည်းအဝေး အစီအစဉ် ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေးရဲ့ (၁၉) ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဦးတင်ရှန် တင်ပြပါ။

**အချိန်၊ ၁၀း၀၇။**

**ဦးတင်ရှန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်သည် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်ရှန် ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမိုးမြင့်ဟာ မိမိကိုယ်တိုင် ဆောင်ရွက်ရမယ့် ကိစ္စရှိတဲ့အတွက် ယနေ့ ၂၃-၄-၂၀၁၂ (၁) ရက်ကို ခွင့်အဖြစ် သတ်မှတ်ပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးတင်ယု တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးတင်ယု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆွေအောင် ဟာ ကျောက်ကပ်ဝေဒနာ ခံစားနေရပါသဖြင့် နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံတွင် ကုသမှုခံနေရပါတယ်။ ၂၃-၄-၂၀၁၂ ရက်မှ ၂၄-၄-၂၀၁၂ရက်အထိ ခွင့်(၂)ရက်အား အမျိုးသားလွှတ်တော် အစည်းအဝေးတက်ရောက်ခြင်း မရှိနိုင်သည်ကို ခွင့်(၂)ရက်အဖြစ် သတ်မှတ်ပေးပါရန် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးတင်ယု က ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဒေါက်တာမြတ်ဉာဏစိုး တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆိုင်ပေါင်းနပ် ဟာ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ မက်မန်းမြို့နယ်၊ ပန်ငူကျေးရွာဟာ ရွာလုံးကျွတ် မီးလောင်ကျွမ်းသွားသည်ကို ကူညီဆောင်ရွက်နေရပါသဖြင့် ယနေ့ ၂၃-၄-၂၀၁၂ (၁)ရက်အား ခွင့်အဖြစ်သတ်မှတ်ပေးနိုင်ပါရန် ၎င်း၏ကိုယ်စား ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး မှ လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းလှိုင် တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချစ်လွင် ဟာ ကျန်းမာရေး စိစစ်ရန်ကိစ္စရှိပါသဖြင့် ၂၃-၄-၂၀၁၂ မှ ၃၀-၄-၂၀၁၂ ရက်နေ့အထိကို ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ဦးအောင်ချစ်လွင် ရဲ့ကိုယ်စားကျွန်တော် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းလှိုင် မှ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို တက်ရောက်ခွင့် ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၁၉)ဦး၊ ယနေ့ ခွင့်ပန်ကြားထားသဖြင့် ခွင့်ပြုထားသူ (၄)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားသော မေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက မေးမြန်းတဲ့ မေးခွန်းတွေဟာ စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## လူငယ်များအား စက်ရုံ၊ အလုပ်ရုံ အတတ်ပညာသင်တန်းများ ဖွင့်လှစ်ပို့ချပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် က လူငယ်များအား စက်ရုံ၊ အလုပ်ရုံ အတတ်ပညာသင်တန်းများ ဖွင့်လှစ်ပို့ချပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် ဖြစ်ပါတယ်။ ကျွန်တော်က လူငယ်များအား စက်ရုံ၊ အလုပ်ရုံ အတတ်ပညာသင်တန်းများ ဖွင့်လှစ်ပို့ချပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော် ဒီမေးခွန်းကို မေးရတဲ့အကြောင်းအရင်းက ကျွန်တော် ဒီမေးခွန်းကိုလည်းပဲ ကျွန်တော်တို့ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပြန်ပြီးတော့စတဲ့အချိန်မှာ တင်ထားခဲ့တာ ဖြစ်ပါတယ်။ ဒါ အခုမှ ကျွန်တော်တို့က ဒီမေးခွန်းဟာ မေးမြန်းရခြင်း ဖြစ်ပါတယ်။

ကျွန်တော် ဒီမေးခွန်းကို မေးမြန်းရတဲ့အကြောင်းရင်းက ကျွန်တော်တို့ အခု အစိုးရအသစ်လက်ထက်မှာ စီးပွားရေးကဏ္ဍ၊ နောက် ကျွန်တော်တို့ စက်မှုလုပ်ငန်းကဏ္ဍ စသည်အားဖြင့် ဒီကဏ္ဍအသီးသီးဟာ တိုးတက်ပြောင်းလဲပြီးတော့ တစ်ဟုန်ထိုး မြင့်မားလာမယ်ဆိုတာ ကျွန်တော်တို့ ယုံကြည်ပြီးသား ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီလို စီးပွားရေးအနေအထားတွေ

တိုးတက်လာမယ်၊ စက်ရုံ၊ အလုပ်ရုံတွေ ကျွန်တော်တို့ များစွာတည်ရှိလာမယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံအတွက်(Skill Labours) ကျွမ်းကျင်တဲ့လုပ်သားများ လိုအပ်မှာ ဖြစ်ပါတယ်။ ကျွမ်းကျင်တဲ့ လုပ်သားများ လိုအပ်မှာဖြစ်တဲ့အတွက်ကြောင့် သူတို့အတွက်လိုအပ်တဲ့သင်တန်းတွေ၊ ဒီဟာ တွေကိုပေးဖို့ ရှိ/မရှိ ဆိုတဲ့ဟာကို ကျွန်တော် မေးမြန်းရတဲ့ အကြောင်းရင်းထဲမှာလည်း ပါပါတယ်။ ကျွန်တော်တို့ ဒီ အခုအချိန်မှာ ကျွန်တော်လည်းပဲ ဒီဟာလေ့လာသိရှိပါတယ်။ စက်မှု ဝန်ကြီးဌာန(ဆင်တဲ)တို့၊ နောက် ဒီပြင်နေရာတွေမှာလည်းပဲ ဒါ သင်တန်းကျောင်းတွေ ဖွင့်ထား ပါတယ်။ နောက် ဒီအပြင်ဝန်ကြီးဌာနတွေလည်းပဲ ကျွန်တော်တို့ သမဝါယမဝန်ကြီးဌာနပဲ ဖြစ်ဖြစ်၊ လူမှုဝန်ထမ်းနဲ့ကယ်ဆယ်ရေးဝန်ကြီးဌာနပဲ ဖြစ်ဖြစ်၊ ဒီ န.တ.လ နယ်စပ်ဝန်ကြီးဌာနပဲ ဖြစ်ဖြစ်၊ ဒီသင်တန်းကျောင်းလေးတွေဟာ ဖွင့်ထားပြီးတာများစွာရှိတယ်ဆိုတာ ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။ အလုပ်သမားဝန်ကြီးဌာနမှာလည်းပဲ ရှိပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ ပြောင်းလဲလာမယ့်ဈေးကွက်နဲ့ ကျွန်တော်တို့ ပြောင်းလဲလာမယ့် စီးပွားရေး လုပ်ငန်းတွေနဲ့ လိုက်လျောညီထွေမယ့် နည်းပညာ၊ ကျွန်တော်တို့ နောက်ပြီးတော့ လုပ်သား၊ ဒါတွေအတွက် ဒီဟာကိုရည်ရွယ်ပြီးတော့ မေးမြန်းထားခြင်းဖြစ်ပါတယ်။ အဲဒီတော့ ဒီအတွက် ဆိုရင် ပေးရမယ့်သင်တန်းတွေဟာ အရင်သင်တန်းတွေနဲ့ ကျွန်တော်တို့ တူချင်မှတူမှာပါ။ အရင်တုန်းက ကျွန်တော်တို့ မော်တော်ယာဉ်သင်တန်းကို ပေးတယ်။ ဒီကနေ့ မော်တော်ယာဉ် သင်တန်းနဲ့ မတူတော့ပါဘူး။ အရင်တုန်းကပေးခဲ့တဲ့ သင်တန်းရဲ့ သင်ရိုးတွေဟာ နည်းတွေဟာ အခြေခံပဲ ဖြစ်မှာပါ။

ဒီနေ့ တိုးတက်ပြောင်းလဲလာတဲ့ ခေတ်နဲ့အညီဆောင်ရွက်ဖို့ဆိုရင် နည်းသစ်တွေ၊ ပစ္စည်းကိရိယာအသစ်တွေနဲ့ ဆောင်ရွက်ဖို့လိုမှာ အမှန်ဖြစ်ပါတယ်။ ကျွန်တော်တို့ ဥပမာ- ပန်းပဲလုပ်ငန်း၊ ကျွန်တော်တို့ကတော့ ပန်းပဲလုပ်ငန်းဆိုပေမယ့် ဒါ (Metallurgy)သတ္တုဗေဒနဲ့ ဆိုင်မှာပါ။ ဒါ တစ်ခါပြောသလို ကျွန်တော်တို့ Penion တွေခုတ်မယ်၊ စသည်အားဖြင့် ဒီလို ဟာမျိုးတွေကိုလုပ်တဲ့အခါမှာလည်း ကျွမ်းကျွမ်းကျင်ကျင်နဲ့ တကယ့် Precision ကောင်းကောင်း တိကျတဲ့ဆောင်ရွက်မှုမျိုး၊ လုပ်ငန်းမျိုး အဲဒီလို Machinery တွေ ဒီလိုပစ္စည်းတွေ တစ်နည်းအားဖြင့် (CNC) Computer Numerical Control System တွေကို ကိုင်တွယ်ပြီး သုံးဖို့ဟာ လိုအပ်မှာပါ။ အဲဒီတော့ ကျွန်တော်တို့ဆီမှာ (CNC) Computer Numerical Control System တွေကို မသင်ကြားဖူးလားဆိုတော့ သင်ကြားတယ်လို့ပဲ ဖြေသွားမှာပါ။

သို့သော် ဘယ်နှစ်ခုများ ကျွန်တော်တို့ စက်ပစ္စည်းအရေးအတွက် ထွက်လာမယ့် (Work Forces)၊ လုပ်သားအရေးအတွက် ကျွန်တော့်အနေနဲ့ကတော့ အင်မတန်နည်းပါးမယ်လို့ ကျွန်တော် ထင်မြင်ယူဆပါတယ်။ နောက် ကျွန်တော် လေ့လာသိရှိသလောက်လည်းပဲ နည်းတယ်လို့ ကျွန်တော် သိရှိပါတယ်။

ဒါကြောင့်မို့လို့ စက်ရုံ၊ အလုပ်ရုံတွေမှာ ဒီသင်တန်းတွေဟာ မဖြစ်မနေ ဖွင့်ပေးမှ သာလျှင် ကျွန်တော်တို့ ၂၀၁၅ ကျွန်တော်တို့ အာဆီယံထဲမှာလည်းပဲ အသိုက်အဝန်းထဲမှာ ပြောင်းလဲလာမယ့်ဟာတွေနဲ့အညီ လိုက်လျောပြီး ကျွန်တော်တို့ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ နို့မို့ဖြစ်ရင် ကျွန်တော်တို့ Technicans တွေ၊ ဒီ Unskill Labours တွေနဲ့ပဲ ကျွန်တော်တို့ ပြည့်နှက်နေပြီးတော့ ကျွန်တော်တို့ အနီးအနားမှာရှိတဲ့ နိုင်ငံခြားက ကျွမ်းကျင်တဲ့ အလုပ်သမားတွေ၊ လုပ်သားတွေ (Labours)တွေ ကျွန်တော်တို့ဆီကို တစ်ဟုန်ထိုး ဝင်ရောက်လာမှာဖြစ်ပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ Agreements တွေရှိပါတယ်။ ဒါတွေကို ကျွန်တော်တို့က လိုက်နာဆောင်ရွက်ရမှာလည်းပဲဖြစ်ပါတယ်။ ဒီအချက်တွေဟာ အင်မတန်မှ နိုင်ငံတော်အတွက်လည်းပဲ အရေးကြီးပါတယ်။ အဲဒီတော့ ကျွန်တော်တို့ နိုင်ငံတကာမှာ ဆိုလို့ရှိရင်တော့ ကျွန်တော့်အနားမှာရှိနေတဲ့ စင်္ကာပူနိုင်ငံပဲဖြစ်ဖြစ်၊ ဒီ တရုတ်ပြည်သူ့သမ္မတ နိုင်ငံပဲဖြစ်ဖြစ်၊ ကိုရီးယားပဲဖြစ်ဖြစ်၊ နောက် ကျွန်တော်တို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်တဲ့ ထိုင်ဝမ်နိုင်ငံမှာပဲဖြစ်ဖြစ် ဝင်ရောက်ပြီးတော့ ရင်းနှီးမြှုပ်နှံမယ့် ကျွန်တော်တို့ စက်မှုလုပ်ငန်းတွေ၊ တစ်နည်းအားဖြင့် Private Sectors တွေ၊ အဲဒီ Private Sectors တွေကလည်းပဲ ခုနတုန်းက Skill Labours တွေအတွက် ပြုစုပျိုးထောင်တဲ့နေရာမှာ သင်တန်းတွေဖွင့်လှစ်မယ်၊ ပို့ချမယ်ဆိုရင် ကျွန်တော်တို့ ဥပဒေနဲ့အညီ ဒီဟာတွေကို ဆောင်ရွက်ပေးဖို့လည်းပဲ လိုပါတယ်။ ဒီလိုသင်တန်းတွေ၊ ကျောင်းတွေ ဖွင့်ခွင့်လည်းပဲပေးပြီးတော့ ဆောင်ရွက်ဖို့လိုမယ်ဖြစ်ပါတယ်။

ဒီ ကျွန်တော့်ရဲ့ မေးခွန်းထဲမှာ လူငယ်များအား စက်ရုံ၊ အလုပ်ရုံ အတတ်ပညာသင်တန်းများဆိုတဲ့ဟာ ကျွန်တော်တို့ နိုင်ငံတော်တင် မဟုတ်ပါဘူး။ အဲဒီလို ဒီပြင်ပက လာမယ့် Private Sectors တွေ အတွက်ရော၊ သင်တန်းတွေ ဖွင့်ခွင့်ပေးမှာလား။ အခု ဂျပန်အနေနဲ့လည်းပဲ ကျွန်တော်တို့ ဟိုကပေးတဲ့ စက်မှုဝန်ကြီးဌာန၊ အရင်တုန်းကတော့ ဒီ စက်မှု(၁) ပေါ့နော်။ စက်မှု(၁)ဝန်ကြီးဌာနကလည်း တော်တော်များများ ဂျပန်ကပေးတဲ့၊ ထောက်ပံ့တဲ့

သင်တန်းကျောင်းလေးတွေ ဖွင့်နေတယ်။ ဟိုကိုလည်းပဲ သွားတယ်ဆိုတာ ဒါလည်းပဲ သိရှိသလောက် ကျွန်တော်တို့ လေ့လာသိရှိပါတယ်။ ဒါ လွန်ခဲ့တဲ့ ၁၉၉၀ ပတ်ဝန်းကျင် လောက်တည်းကပါ။ သို့သော်လည်းပဲ ပီပြင်မှုနဲ့ (Statistics) က ဘယ်လောက်ရှိလဲ ဆိုတာ ဒီဟာလည်းပဲ ကျွန်တော်တို့ လေ့လာပြီးတော့ သုံးသပ်ဖို့ လိုမှာအမှန် ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ နိုင်ငံရဲ့စီးပွားရေးကို သွားတဲ့အခါမှာ နံပါတ်(၁)၊ Technology ပိုင်းဆိုင်ရာ၊ ကျွန်တော်တို့ ဒီ စက်မှုလုပ်ငန်းကို သွားမယ်ဆိုရင် Technology ပိုင်းဆိုင်ရာ အသိပညာ သူ့ရဲ့ဒီဟာတွေလိုပါတယ်။ ပြီးတဲ့အခါမှာ Skill Labours ဒီဟာတွေကို ကိုင်တွယ်ပြီးတော့ သုံးမယ့် ကျွမ်းကျင်တဲ့လုပ်သားတွေ၊ ကျွမ်းကျင်တဲ့ပညာရှင်တွေ လိုပါတယ်။ အဲဒီနှစ်ခု ပေါင်းစပ်ပြီး ဆောင်ရွက်သွားမှသာလျှင် အဲဒီနိုင်ငံရဲ့ စီးပွားရေးဟာ တစ်ရှိန်တိုး တိုးတက်ပါတယ်။ ဟိုဘက်ဒီဘက် မမျှဘူးဆိုလို့ရင် ကျွန်တော်တို့ တိုးတက်မှုဟာမရှိပါဘူး။ စင်္ကာပူနိုင်ငံ ဆိုလို့ရှိရင် ပထမ ဒီ Unskill Labours တွေကို Skill Labours ဖြစ်ဖို့အတွက် နှစ်ပေါင်း(၂၀)လောက် သူတို့ပြုစုပျိုးထောင်ပြီး တစ်ရှိန်ထိုး တက်လာပါတယ်။အဲဒီအခါမှာ သူတို့ Plan ချတဲ့ S.M.E ဒါ ကျွန်တော်တို့ အသေးစား စက်မှုလုပ်ငန်းတွေရဲ့ နည်းပညာတွေနဲ့ သွားမယ်၊ Foreign Direct Investment နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို သူတို့ခေါ်မယ်၊ အဲဒီဟာတွေမှာ သူ့ဆီမှာရှိနေတဲ့ Skill Labours တွေနဲ့ ပြုစုပျိုးထောင်မယ်ဆိုတဲ့ သဘောမျိုး ပထမအခြေတည်ခဲ့ပါတယ်။ ဒီကနေ့ဆိုလို့ရှိရင် စင်္ကာပူနိုင်ငံ ဒါ ကျွန်တော်တို့ စင်္ကာပူနိုင်ငံ၊ ထိုင်ဝမ်နိုင်ငံ ကျွန်တော်တို့က မျက်ဝါးထင်ထင် တွေ့မြင်နေရပါတယ်။ ကိုရီးယားနိုင်ငံ ဆိုလို့ရှိရင် High Technology ပိုင်းကို တနည်းအားဖြင့် Electronic နဲ့ ပတ်သက်တဲ့ အပိုင်းကို သူကဆောင်ရွက်မယ်ဆိုပြီး အဲဒီဘက်ကို သူက Technology ကော လူသားအရင်းအမြစ်ကော ပြုစုပျိုးထောင်ပါတယ်။ ပြုစုပျိုးထောင်ပြီးတဲ့နောက် ဒီကနေ့ သူလည်းပဲ တိုးတက်နေပါတယ်။ ကျွန်တော်တို့ကလည်းပဲ လူငယ်တွေ အာဆီယံမှာလည်းပဲ လူငယ်တွေအတွက် ပညာရေး တနည်းအားဖြင့် ဒီလို အတတ်ပညာတွေ ဆောင်ရွက်ဖို့ဟာ အင်မတန် အရေးကြီးတယ် ဆိုပြီးတော့ မကြာခင်က Summit လုပ်သွားတဲ့ ASEAN Summit မှာလည်းပဲ ဒါလူငယ်တွေ အပိုင်းကနေ ဒီဟာတွေ ဆွေးနွေးတယ်ဆိုတာ အကုန်လုံး ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီးများကော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒါ သိရှိမယ်လို့ ကျွန်တော့်အနေနဲ့ ဆွေးနွေး တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ နိုင်ငံမှာလူငယ်တွေကို စက်ရုံအလုပ်ရုံ အတတ်

ပညာသင်တန်းကျောင်းများ အဆင့်မြင့်တဲ့အတတ်ပညာကျောင်းများကို ဖွင့်လှစ်ပြီးတော့ ပို့ချပေးမှသာလျှင် အာဆီယံနဲ့လိုက်လျောညီထွေ ၂၀၁၅ မှာလည်းပဲ ကျွန်တော်တို့က သူများနောက်ကို မကျတော့ပါဘူး။ ကျွန်တော်တို့က နိုင်ငံကလည်းပဲ တစ်ဟုန်ထိုးပိုပြီးတော့ တိုးတက်မယ်ဆိုတာ ရာခိုင်နှုန်းပြည့် ကျွန်တော်ယုံကြည်ပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ဆီမှာ အကြမ်းဖျင်းအားဖြင့် အလုပ်လက်မဲ့က ကျွန်တော်သိသလောက်က ၅ ရာခိုင်နှုန်းနဲ့ ၆ ရာခိုင်နှုန်းပေါ့လေ၊ ဒီကြားထဲလောက်မှာပဲ အလုပ်လက်မဲ့က Unemployment ပေါ့၊ ဒါ ကျွန်တော်တို့က ရှိပါတယ်။ ဒါကတော့ ကျွန်တော်တို့ လက်လုပ်လက်စားတို့ ဘာတို့ ညာတို့ ဒီပေါ်မှာ ကျွန်တော်တို့က ကြည့်ပြီးတော့ အလုပ်တွေရတယ်လို့လည်း ကျွန်တော်တို့ပြောလို့မရပါဘူး။ ကျွန်တော်တို့ သွားတဲ့အခါမှာ သွားတဲ့ စီးပွားရေးလမ်းကြောင်းနဲ့ ကျွန်တော်တို့ Foreign Direct Investment တွေ၊ ဝင်လာမယ့် လမ်းကြောင်းတွေဆိုရင် Skill Labours နဲ့ ဒီဟာတွေရှိမှ၊ နောက်ပြီးတော့ နိုင်ငံတစ်ခုမှာ ကျွန်တော်တို့ ဒီ Structure ကိုကြည့်လို့ရှိရင် Technician နဲ့ Skill Labours က အများကြီး ကျွန်တော်တို့ ရှိရပါတယ်။ အပေါ်မှာရှိနေတဲ့ Research နဲ့ Scientist တွေကတော့ အနည်း အကျဉ်းပဲ ရှိပါတယ်။ Pyramidal ပေါ့ ( Pyramid Shape )ပဲ ကျွန်တော်တို့က ရှိရပါတယ်။ မဟုတ်ဘဲနဲ့ အပေါ်မှာ ကျွန်တော်တို့က Scientist နဲ့ Ph.D ရတဲ့သူတွေ အများကြီးရှိပြီးတော့ အောက်ဘက်မှာ Technician က နည်းနည်းလေးဆိုလို့ရှိရင် ဒါကျွန်တော်တို့က စဉ်းစားစရာ အများကြီးရှိပါတယ်။ အဲဒီတော့ အရင်တုန်းက Vocational School တွေ၊ Technical School တွေရှိပါတယ်။ တဖြည်းဖြည်းနဲ့ ကျွန်တော်တို့က ဒါတွေလည်းနည်းလာပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ နိဂုံးချုပ်အားဖြင့် လူငယ်များအား စက်ရုံအလုပ်ရုံ အတတ်ပညာသင်တန်းကျောင်းများ ဖွင့်လှစ်ပို့ချရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ စပ်လျဉ်းတဲ့မေးခွန်းနဲ့ ပတ်သက်ပြီးတော့ သိရှိလိုကြောင်း မေးမြန်းရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်ခွဲရှိ ဂေါ်ရင်ဂျီကျွန်းနှင့် ချောင်းဝတောင်တို့တွင် ဘိလပ်မြေ စက်ရုံတည်ဆောက်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးဟန်လင်း က ငပုတောမြို့နယ်၊ ငရုတ်ကောင်းမြို့နယ်ခွဲရှိ ဂေါ်ရင်ဂျီကျွန်းနှင့် ချောင်းဝ တောင်တို့တွင် ဘိလပ်မြေစက်ရုံတည်ဆောက်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးစိုးဟန်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာကြပါစေလို့ မေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) ပုသိမ်မြို့နယ်နှင့် ငပုတော မြို့နယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးဟန်လင်း ဖြစ်ပါတယ်။ ကျွန်တော် သိရှိ မေးမြန်းလိုတာကတော့ ငပုတောမြို့နယ်၊ ငရုတ်ကောင်းမြို့နယ်ခွဲရှိ ဂေါ်ရင်ဂျီကျွန်း(ခေါ်) ကိုရန်ကြီးကျွန်းနှင့် ချောင်းဝတောင်တို့မှာ ဘိလပ်မြေစက်ရုံ တည်ဆောက်ရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့မေးခွန်းကို မေးမြန်းမှာဖြစ်ပါတယ်။ အချိန်ကိုလေးစားသောအားဖြင့် ဖတ်ကြားတင်ပြခွင့် ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။ ငပုတောမြို့နယ်၊ ငရုတ်ကောင်းမြို့နယ်ခွဲရှိ ချောင်းဝတောင် ဘိလပ်မြေစက်ရုံ တည်ဆောက်နိုင်ရန် သတ္တုတွင်းဝန်ကြီးဌာန ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုတူးဖော်ရေးဦးစီးဌာန ဘူမိဗေဒအရာရှိများက ဘိလပ်မြေကုန်ကြမ်း ထုတ်ယူရရှိမည့် ဂေါ်ရင်ဂျီကျွန်း(ခေါ်) ကိုရန်ကြီးကျွန်းနှင့် ချောင်းဝတောင်တို့ကို ၁၉၈၉ ခုနှစ်က ထုံးကျောက် ရှာဖွေစမ်းသပ်တိုင်းတာရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခဲ့ကြပါတယ်။ အဲဒီအခါမှာ ကယ်လ်စီယမ်အောက်ဆိုဒ်၊ မဂ္ဂနီစီယမ်အောက်ဆိုဒ်၊ စီလီကွန်အောက်ဆိုဒ် ပါဝင်မှုများ ရှိနေကြောင်းကိုလည်း တွေ့ရှိတယ်လို့ သိရှိခဲ့ရပါတယ်။ အဲဒီ ဂေါ်ရင်ဂျီကျွန်းနှင့် ချောင်းဝတောင် လုပ်ကွက်(၂)နေရာမှာ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ကလည်း လုပ်ငန်းများလုပ်ကိုင်မယ်လို့ သိရှိခဲ့ရပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်နိုင်ခြင်း မရှိသေးကြောင်းကိုလည်း

သိရှိခဲ့ရပါတယ်။ သို့ပါသောကြောင့် အခြားစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဘိလပ်မြေစက်ရုံတည်ဆောက်နိုင်ရန် စိတ်ဝင်စားလျက်ရှိကြပါကြောင်းကိုလည်း ကြားသိနေရပါတယ်။ အခုလို ဘိလပ်မြေစက်ရုံ တည်ဆောက်နိုင်မည်ဆိုပါက ဒေသဖွံ့ဖြိုးရေးနှင့် ဒေသခံလူထု အလုပ်အကိုင် အခွင့်အလမ်းများ သိသာစွာ ပြောင်းလဲတိုးတက်ရရှိလာမည်ဖြစ်တဲ့အတွက် ဒေသခံပြည်သူတို့က စိတ်ဝင်စားလျက်လည်း ရှိနေကြပါတယ်။ ဒါကြောင့်မို့လို့ တင်ပြပါ ဂေါ်ရင်ဂျီကျွန်း(ခေါ်) ကိုရန်ကြီးကျွန်းနှင့် ချောင်းဝတောင် လုပ်ကွက်နှစ်နေရာမှာ ဘိလပ်မြေစက်ရုံတည်ဆောက်နိုင်ရန် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်က ဆောင်ရွက်သွားမည်လား။ ဒါမှမဟုတ် အခြားစီးပွားရေးလုပ်ငန်းရှင်များက ဆောင်ရွက်မည်လားဆိုသည့်အချက်ကို သိရှိလိုပါကြောင်းနှင့် ဆောင်ရွက်မည်ဆိုပါကလည်း ဆောင်ရွက်မည့်အခြေအနေ၊ မည်သည့်အချိန်အခါတွင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်းတို့ကို နိုင်ငံတော်နှင့် အများပြည်သူများ၏ အကျိုးငှာ သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လေးစားစွာ မေးမြန်းအပ်ပါတယ်။

**ယခင် စက်မှု(၁)ဝန်ကြီးဌာနမှ ထုတ်လုပ်ပြီး "ဝင်းသူဇာ" ဆိုင်များတွင် ရောင်းချခဲ့သည့် လူသုံးကုန်ပစ္စည်းများအား ယခု ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ခေတ်တွင် ပြည်ထောင်စုစက်မှုဝန်ကြီးဌာနရှိ စက်ရုံကြီးများမှ ဆက်လက်ထုတ်လုပ် ရောင်းချရန် အစီအစဉ် ရှိ/မရှိ နှင့် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်စေရန် စက်မှုဇုန်များမှ မော်တော်ယာဉ် ထုတ်လုပ်မှုကို ဆောင်ရွက်နေစဉ် ကားအို၊ ကားဟောင်းများကို အပ်စေပြီး ပြည်ပမှ အစားထိုး ကားဝယ်ယူခွင့်များကို ခွင့်ပြုလိုက်သဖြင့် ပြည်တွင်းမော်တော်ယာဉ် ထုတ်လုပ်မှုအနေအထား မည်သို့ရှိသည်ကို သိရှိလိုကြောင်း နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာတင်ရွှေ က ယခင် စက်မှု(၁)ဝန်ကြီးဌာနမှ ထုတ်လုပ်ပြီး "ဝင်းသူဇာ" ဆိုင်များတွင် ရောင်းချခဲ့သည့် လူသုံးကုန်ပစ္စည်းများအား ယခု ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ပြည်ထောင်စုစက်မှုဝန်ကြီးဌာနရှိ စက်ရုံကြီးများမှ ဆက်လက်ထုတ်လုပ် ရောင်းချရန် အစီအစဉ် ရှိ/မရှိ နှင့် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်စေရန် စက်မှုဇုန်များမှ

မော်တော်ယာဥ်ထုတ်လုပ်မှုကို ဆောင်ရွက်နေစဥ် ကားအို၊ ကားဟောင်းများကို အပ်စေပြီး ပြည်ပမှ အစားထိုး ကားဝယ်ယူခွင့်များကို ခွင့်ပြုလိုက်သဖြင့် ပြည်တွင်းမော်တော်ယာဥ် ထုတ်လုပ်မှု အနေအထား မည်သို့ရှိသည်ကို သိရှိလိုကြောင်းနှင့် စပ်လျဥ်းတဲ့ မေးခွန်းများကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဒေါက်တာတင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ မြန်မာကောဇာသက္ကရာဇ် ၁၃၇၄ ခုနှစ်ရဲ့ နှစ်ဦးပိုင်း ယခုအချိန်မှစပြီး ကာယသုခ၊ စိတ္တသုခ၊ သုခအဖြာဖြာနှင့် ပြီးပြည့်စုံပါစေကြောင်း ဦးစွာဆုမွန်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား လေးစားစွာဖြင့် ဖော်ပြခဲ့တဲ့မေးခွန်း နှစ်ခုကို ကျွန်တော် မေးမြန်းသွားမှာဖြစ်ပါတယ်။ ယနေ့ကျွန်တော်တို့ဟာခေတ်သစ်ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ခေတ်ကို ကူးပြောင်းနေပြီဖြစ်တဲ့အတွက် အစစအရာရာ စီးပွားရေးလုပ်ငန်းမှာ ဖွံ့ဖြိုးတိုးတက်ဖို့ ကျွန်တော်တို့လိုပါတယ်။ ဒါကြောင့် Economic Well Being လို့ခေါ်တဲ့ စီးပွားရေးကောင်းကျိုးတွေကို ကျွန်တော်တို့ ရနိုင်သလောက် စုစည်းရမှာဖြစ်ပါတယ်။ အလားတူပြည်သူတွေရဲ့ Consumer Uses ပြည်သူတွေရဲ့သုံးစွဲမှုဟာလည်း အချိုးကျကျနဲ့ သက်သာတဲ့နှုန်းနဲ့ အစဥ်သုံးစွဲနိုင်အောင်ဆိုတဲ့ ခံယူမှုကိုကျွန်တော်တို့ ပူးတွဲပြီး ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒါကြောင့် ရှေးယခင်က စက်မှု(၁)ဝန်ကြီးဌာန သီးသန့်ရှိခဲ့တဲ့ အချိန်မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံးသိရှိပြီးဖြစ်ကြတဲ့အတိုင်း မြို့နယ်အသီးသီးတော်တော်များများမှာ ဝင်းသူဇာဆိုင်များကို ဖွင့်လှစ်ရောင်းချခဲ့ပါတယ်။ ဒီလိုဖွင့်လှစ်ရောင်းချတဲ့နေရာမှာ ကျွန်တော်တို့ ရဟန်းတော်များသုံးတဲ့ ယပ်တံဆိပ်သက်န်းမှ အစပြုပြီး တစ်ရှူးအဆုံးအထိ အစုံစုံကို ဆိုင်တွေမှာ ရောင်းချခဲ့တာတွေ့ရပါတယ်။ ဒီရောင်းချခဲ့တဲ့နှုန်းနဲ့ ယနေ့အချိန်နှုန်းနဲ့ ယှဥ်လို့ရှိရင်တော့ အများကြီးကွာဟချက်ရှိပါတယ်။ သို့သော်လည်းပဲ စက်မှု(၁)မှထုတ်ထားတဲ့ပစ္စည်းများဟာ ကျွန်တော်တို့နိုင်ငံအတွင်း သုံးစွဲမယ့် ပုဂ္ဂိုလ်များအနေနဲ့ သင့်လျော်ပြီး ဈေးနှုန်းဟာလည်း ချိုသာတဲ့အတွက် ကျေးလက်ဒေသတွေမှာလည်းပဲ သုံးစွဲမှုတွေဟာ များတယ်ဆိုတာ ကျွန်တော်တို့ ကြားသိခဲ့ရပါတယ်။ ဒါကြောင့် စက်မှု(၁)

ဝန်ကြီးဌာနအနေနဲ့ ရှေးယခင်က ရဟန်းတော်သုံး ယပ်တံဆိပ်သက်န်းများ၊ ကျွန်တော်တို့ မျက်နှာသုတ်ပဝါ ဝါပွင့်တံဆိပ်ပါတဲ့ မျက်နှာသုတ်ပဝါများ၊ နောက်ဆပ်ပြာအမျိုးမျိုး၊ ဆေးဘက်ဆိုင်ရာဆိုရင်လည်းပဲ ဗီတာမင်ဘီဝမ်း၊ ဘီတူး အစရှိတဲ့ ဆေးပြားများကို ထုတ်လုပ်ခြင်း၊ အထူးသဖြင့် ကျွန်တော်တို့ အသည်းအတွက် အားတိုးဆေးဖြစ်တဲ့ ပလူဗီမင်ကို ထုတ်လုပ်ခြင်း အစရှိသည့် ပုံစံအမျိုးမျိုးကို ပြည်သူအတွက်အကျိုးရှိအောင် နာမည်ပျက်မရှိဘဲနဲ့ ထုတ်လုပ်ခဲ့ပါတယ်။ ဈေးနှုန်းဟာလည်း ချိုသာပါတယ်။ ယခု ဝင်းသူဇာဆိုင်တွေမှာ ကျွန်တော် ခုန တင်ပြခဲ့တဲ့ ဝါပွင့်တံဆိပ်မျက်နှာသုတ်ပဝါဟာ တော်တော်လေး ရှားရှားပါးပါး တွေ့ရပါတော့တယ်။ အဲဒီမှာ ဝါပွင့်တံဆိပ်ရဲ့နေရာမှာ အခြားနိုင်ငံကလာတဲ့ အိမ်နီးချင်း နိုင်ငံတွေကလာတဲ့ မျက်နှာသုတ်ပဝါတွေကို ထုတ်ရောင်းနေတာပဲ တွေ့ပါတယ်။ ဒါကြောင့် အဲဒီလိုအစရှိတာတွေကို ပြန်လည်သုံးသပ်ပြီးတော့ ကျွန်တော်တို့မှာ Knowledge Base Economy ဖြစ်တဲ့ အခြေခံကောင်းကို ရရှိထားပြီးဖြစ်တဲ့အတွက် စက်ရုံတွေရှိတယ်ဆိုရင် ခုန ကျွန်တော် တင်ပြခဲ့တဲ့ လူသုံးကုန်ပစ္စည်းများကို ပြန်လည်ပြီးတော့ ထုတ်လုပ်နိုင်မှု ရှိ/မရှိ ကို ကျွန်တော်တို့ ဆန်းစစ်ဖို့လိုပါတယ်။ အခုဆိုရင် Rice Cooker ကို ထုတ်လုပ်ထားတာ တွေ့ရပါတယ်။ Rice Cooker အလားတူပဲ အိမ်နီးချင်းနိုင်ငံတွေကနေ ထောင်သောင်း သိန်းချီပြီးတော့ကို ဝင်လာတဲ့ Hot Cup ဆိုတာလေးတွေရှိပါတယ်။ ဒါကြောင့်မို့လို့ လိုအပ်ရင် ကျွန်တော်တို့က Innovation ခေါ်တဲ့ တီထွင်မှုတွေ Creative လို့ခေါ်တဲ့ ဖန်တီးမှုတွေ ဒါတွေကို ကျွန်တော်တို့ အစဉ် Research လုပ်သွားဖို့လိုပါတယ်။နောက် ကျွန်တော်တို့ ဒီလုံချည် ယခင်တုန်းကလွန်းပျံတံဆိပ်နဲ့ စက်မှု(၁)ဝန်ကြီးဌာနမှ ထုတ်ခဲ့တဲ့ လွန်းပျံဟာ ယခု နောက်ပိုင်းကာလမှာ ဝင်လာတဲ့ လူငယ်လူလတ်အတွက် မသိတော့ပါဘူး။ ရှေးအခါတုန်းက ဒီ လွန်းပျံတံဆိပ်လုံချည်ဟာ အလွန်ပင် ၁၉၇၄ ဝန်းကျင်လောက်မှာ ထုတ်ခဲ့ပါတယ်။ ဒီလုံချည်ဟာ အင်မတန်မှ ချည်သားမှန်တယ်။ ချည်ဖေါက်မှန်တဲ့အတွက်ကြောင့်မို့လို့ ကြာရှည်လည်း ဝတ်လို့ကောင်းပါတယ်။ ဈေးနှုန်းလည်း ချိုသာပါတယ်။ ဒီလိုအလားတူတဲ့ ပစ္စည်းမျိုးတွေကို ကျွန်တော်တို့ ပြန်လည်ထုတ်ဖို့အတွက် ဆန်းစစ်ဖို့လိုပါတယ်။ အလားတူပဲ ကျွန်တော်တို့ အခုဆိုရင် အင်ရောင်းကျေးရွာ ဒီကျောက်ဆည်မြို့နယ်မှာရှိတဲ့ အင်ရောင်းကျေးရွာကနေပြီးတော့ မြန်မာ့ဆေးဝါးနဲ့ စက်မှုလက်မှု ဖွံ့ဖြိုးရေးစက်ရုံကြီးရှိပါတယ်။ ကျွန်တော်တို့ MRTV မှာဆိုရင် ဆင်အကနဲ့ကို ကြော်ငြာခဲ့တဲ့ စက်ရုံကြီးဖြစ်ပါတယ်။ ဒီစက်ရုံကြီးကလည်းပဲ ကျွန်တော်တို့ ဒီနေထိုင်မကောင်းတဲ့ လူနာတွေအတွက်

Patients တွေအတွက်ကို 5 Percent Destose နဲ့ ယခင်တုန်းက ပြည်ပမှနေပြီးတော့ သွင်းရတဲ့ ဒီ 5cc မှအစ ပြုပြီးတော့ 20 cc အထိ with needle ပေါ့၊ ထိုးတဲ့အပ်ပါ အပါအဝင် ဒါမျိုးတွေကို ထုတ်နေတာ ကျွန်တော်တို့ လွန်ခဲ့တဲ့ အချိန်က တွေ့ခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ နောက်တစ်ခါ TB ရောဂါအတွက် Streptomycin ကတော့ ယခင်ကတည်းက BPI ကနေ ထုတ်နေပါတယ်။ သို့သော်လည်း ဒီ အင်ရောင်းစက်ရုံကြီးကနေပြီး ထုတ်မယ်ဆိုတာ ကျွန်တော်တို့ သတင်းစကား ကြားသိခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ စက်မှု(၁) ဝန်ကြီးဌာနကနေ ဦးဆောင်ပြီးတော့ဖွင့်ခဲ့တဲ့ ဝင်းသူဇာဆိုင်မှာ အရောင်းပြုခဲ့တဲ့ ပစ္စည်းများကို ယနေ့ကျွန်တော်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ခေတ်ကို ရောက်လာတဲ့အခါမှာ ဆက်လက်ပြီးတော့ ရှိတဲ့စက်ရုံကြီးတွေကနေ ထုတ်နိုင်၏၊ မထုတ်နိုင်၏ ဆိုတာကို အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် စက်မှုဝန်ကြီးဌာနအား မေးမြန်းအပ်ပါတယ်။

နောက်မေးခွန်းတစ်ခုကတော့ ဒါ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများလည်း အားလုံး သိရှိပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ကားအို၊ ကားဟောင်းတွေကို ပြန်လည်အပ်နှံပြီးတော့ ပါမစ်ထုတ်ပေးလိုက်တဲ့အတွက် ကျွန်တော်တို့ ၂၀၁၀ ဝန်းကျင်လောက်မှာ နိုင်ငံတော် အကြီးအကဲတွေ တစ်ရှိန်ထိုး အလျင်အမြန်နဲ့ Good Acceleration ကို စက်မှုဇုန်တွေ ဖွံ့ဖြိုးအောင် သွားရောက်ပြီးတော့ မော်တော်ယာဥ်ထုတ်လုပ်ရေးကို အားသွန်ခွန်စိုက် ကြိုးစားခဲ့ ပါတယ်။ မြန်မာစက်မှုဖွံ့ဖြိုးရေးဘဏ်ကလည်းပဲ ငွေသားများကို လိုအပ်တဲ့ လုပ်ငန်းရှင်ကြီးများ ကို အားပေးအားမြှောက် Supporting Treatment အနေနဲ့ပေးခဲ့ပါတယ်။ အခု ကျွန်တော်တို့ ကားအို၊ ကားဟောင်းတွေကို သိမ်းပြီးတဲ့အခါမှာ ပြန်လည်ပြီးတော့ ကားပါမစ်များကို ထုတ်ပေးနေတဲ့အချိန်မှာ ကျွန်တော်တို့ ဒီစက်မှုဇုန်မှာထုတ်နေတဲ့ မော်တော်ယာဥ်ထုတ်လုပ်ငန်းဟာ မည်ကဲ့သို့ရှိပါသလဲ၊ လုပ်ငန်းရှင် များဟာ မည်သည့်လုပ်ငန်းကို Deviation လွှဲပြောင်းပြီးတော့ သွားပါသလဲ၊ ဒီလုပ်ငန်းရှင်ကြီးများရဲ့ ရေရှည်ရပ်တည်မှုနဲ့ ရရှိထားတဲ့ Knowledge Base ကို အခြေခံပြီးတော့ ဆက်လက်ပြီး မည်သို့ပံ့ပိုးဆောင်ရွက်သွားပါသလဲဆိုတာကို အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် စက်မှုပြည်ထောင်စုဝန်ကြီးအား လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

## ဖြေကြားချက်

**ဦးမျိုးအောင် (ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းသွားတဲ့ စက်မှုဝန်ကြီးဌာနနဲ့ ပတ်သက်တဲ့မေးခွန်းတွေကို ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် ရဲ့ လူငယ်များအား စက်ရုံအလုပ်ရုံ အတတ်ပညာသင်တန်းများ ဖွင့်လှစ်ပို့ချပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ဖြေကြားမှာဖြစ်ပါတယ်။ စက်မှုဝန်ကြီးဌာနမှာ စက်မှုဆိုင်ရာနဲ့ မော်တော်ယာဉ်ဆိုင်ရာဘာသာရပ်များအတွက် စက်မှုသင်တန်းကျောင်း(၅)ကျောင်းကို ဆင်တဲ၊ မန္တလေး၊ သာဂရ၊ ပခုက္ကူနှင့် မကွေးတို့မှာ (၁)နှစ်သင်တန်းများအဖြစ် ဖွင့်လှစ်သင်ကြားလျက်ရှိပါတယ်။ သင်တန်းသားအရည်အချင်းအနေနဲ့ အခြေခံပညာအထက်တန်းအဆင့်ရှိသူ အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်း လူငယ်များကို လက်ခံသင်ကြားပေးလျက်ရှိပါတယ်။ ထပ်မံ၍လည်း စက်မှုဆိုင်ရာဘာသာရပ်များအတွက် မြင်းခြံတွင် စက်မှုသင်တန်းကျောင်း (၁)ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားရေးကို စီမံဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်မှာ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရဲ့ အစီအစဉ်နဲ့ လျှပ်စစ်ကျွမ်းကျင်မှုသင်တန်း၊ ဘွိုင်လာကိုင်တွယ်မှုသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။ သင်တန်းသားအရည်အချင်းအနေနဲ့ အခြေခံပညာအထက်တန်းအဆင့်နှင့် စက်မှုလုပ်ငန်း အတွေ့အကြုံရှိတဲ့ အသက်(၅၀)အောက် ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် ပြင်ပပုဂ္ဂိုလ်များကို သင်ကြားပို့ချလျက်ရှိပါတယ်။ သင်တန်းကာလက ရက်သတ္တပတ်(၆)ပတ်ဖြစ်ပြီးတော့ သင်တန်း အောင်မြင်သူများအနေနဲ့ စက်ရုံအလုပ်ရုံများတွင် လက်တွေ့ကွင်းဆင်း ဆောင်ရွက်နိုင်သည့်အပြင်

သတ်မှတ်အရည်အချင်း ပြည့်စုံပါက ဘာသာရပ်ဆိုင်ရာကျွမ်းကျင်လက်မှတ်များ ရရှိမှာဖြစ်ပါတယ်။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှာလည်း နည်းပညာအထက်တန်းကျောင်း Government Technical High School ကို (၂)နှစ်သင်တန်းကို အခြေခံပညာအလယ်တန်းကျောင်း အောင်မြင်ပြီးသူ လူငယ်များ တက်ရောက်နိုင်ရန် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။ နည်းပညာအထက်တန်းကျောင်းကို အောင်မြင်ပြီး အရည်အချင်းပြည့်မီသူများဟာ နည်းပညာ ဒီပလိုမာ၊ နည်းပညာဘွဲ့ B.Tech နှင့် အင်ဂျင်နီယာဘွဲ့ B.E တို့ကို အဆင့်ဆင့်တက်ရောက် သင်ကြားနိုင်မှာဖြစ်ပါတယ်။ အလုပ်သမားဝန်ကြီးဌာနမှာလည်း လျှပ်စစ်၊ ပိုက်ဆက်၊ ဂဟေနှင့် တွင်ခုံစတဲ့ ကျွမ်းကျင်မှုသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။ ၎င်းသင်တန်းများကို အခြေခံပညာအလယ်တန်း အောင်မြင်ပြီးသူများ တက်ရောက်သင်ကြားနိုင်ပြီး သင်တန်း ကာလမှာ ရက်သတ္တပတ်(၄)ပတ်ဖြစ်ပါတယ်။ ပြင်ပအဖွဲ့အစည်းများမှာလည်း ဂဟေဆက်၊ လျှပ်စစ်နှင့်ဆောက်လုပ်ရေးပညာ အထူးကျွမ်းကျင်မှု သင်တန်းများကို အခြေခံစက်မှုသင်တန်း ကျွမ်းကျင်သူများအတွက် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။ သင်တန်းကာလက အများဆုံး (၆)လဖြစ်ပြီး အောင်မြင်သူများအနေနဲ့ ဘာသာရပ်ကျွမ်းကျင်မှုအပေါ်မူတည်ပြီး ပြည်ပအထိ သွားရောက်လုပ်ကိုင်နိုင်တဲ့ အခွင့်အရေးများ ရရှိကြမှာဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဟန်လင်း ရဲ့ ငပုတောမြို့နယ် ဧရာတ်ကောင်းမြို့နယ်ခွဲရှိ ဂေါ်ရင်ဂျီကျွန်းနှင့် ချောင်းဝတောင်တို့မှာ ဘိလပ်မြေစက်ရုံ တည်ဆောက်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ဆက်လက်ဖြေကြားမှာဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၊ ဧရာတ်ကောင်းမြို့နယ်ခွဲရှိ ဂေါ်ရင်ဂျီကျွန်းနှင့် ချောင်းဝတောင်တို့မှာ ဘိလပ်မြေ စက်ရုံတည်ဆောက်ရန် အဓိကကုန်ကြမ်းရရှိရေးကို တိုင်းတာချက်များအရ ဂေါ်ရင်ဂျီကျွန်းတွင် ထုံးကျောက်ပမာဏတန်ချိန် (၂၅)သန်းခန့်နှင့် ချောင်းဝတောင်မှာ ထုံးကျောက်ပမာဏ တန်ချိန်သန်း(၅၀)ခန့် ရရှိနိုင်မှာဖြစ်ပါတယ်။ ဘိလပ်မြေစက်ရုံအတွက် အဓိကကုန်ကြမ်းဖြစ်တဲ့ ထုံးကျောက်များရရှိနိုင်သော်လည်း ကျန်ရှိတဲ့သွင်းအားစုများဖြစ်တဲ့ သံကျောက်၊ ဂေါ်ဒန်ကျောက်၊ လျှပ်စစ်နဲ့စွမ်းအင်တို့ကို အခြားဒေသက သယ်ယူပံ့ပိုးပေးရမှာဖြစ်ပါတယ်။ စက်ရုံအလုပ်ရုံများ တည်ဆောက်အကောင်အထည်ဖော်ရေးက နိုင်ငံတော်ရဲ့ Industry Development Plan နဲ့ Investment Plan အပေါ်မှာအခြေခံပြီး သဘာဝပတ်ဝန်းကျင်နဲ့ လူမှုပတ်ဝန်းကျင်တို့ကို

ထိခိုက်မှုမရှိစေရန် စဉ်းစား၍ တစ်ဖက်မှ နိုင်ငံတော်ရဲ့ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဆောင်ရွက်သွားရန် လိုအပ်ပါတယ်။ အဆိုပါဒေသအတွက် နိုင်ငံတော်အစိုးရအနေနဲ့ စက်ရုံတည်ဆောက်ရန် အစီအစဉ်မရှိသေးသော်လည်း သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ပုဂ္ဂလိကတို့ ပူးပေါင်း၍သော်လည်းကောင်း ပုဂ္ဂလိကမှသော်လည်းကောင်း စက်ရုံတည်ဆောက်ရန်၊ အကောင်အထည်ဖော်ဆောင်ရွက်သွားမယ့် အစီအစဉ်ရှိပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ငရုတ်ကောင်းမြို့နယ်ခွဲရှိ ဂေါ်ရင်ဂျီကျွန်းနဲ့ ချောင်းဝတောင်တို့မှ ဘိလပ်မြေ စက်ရုံအတွက် လိုအပ်သော စက်မှုတွင်းထွက် ကုန်ကြမ်းဖြစ်တဲ့ ထုံးကျောက်ကို ထုတ်လုပ်ရရှိနိုင်သည့် အခြေအနေရှိပါသောကြောင့် ၎င်းဒေသအတွင်း ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ ဘိလပ်မြေစက်ရုံ အကောင်အထည်ဖော်တည်ဆောက်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနဲ့အညီ အဆိုပြုလွှာ တင်သွင်းနိုင်ရန် စီစဉ်ဆဲဖြစ်ပါကြောင်းနှင့် ယခုအချိန်တွင် ဘိလပ်မြေစက်ရုံအတွက် စွမ်းအင်ရရှိမှုသည် ကန့်သတ်ချက်ရှိနေပါသေးကြောင်း ဖြေကြားအပ်ပါတယ်။

ထပ်မံပြီးတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်ရွှေ ရဲ့ ဝင်းသူဇာဆိုင်များ ဖွင့်လှစ်ပြီး ပြည်ထောင်စုစက်မှုဝန်ကြီးဌာနရှိ စက်ရုံကြီးများမှ ဆက်လက်ထုတ်လုပ်ရောင်းချရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ဆက်လက်ဖြေကြားခွင့်ပြုပါရန် တင်ပြပါတယ်။ စက်မှုဝန်ကြီးဌာနအနေနဲ့ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိရာ မူဝါဒတစ်ရပ်အနေနဲ့ အစိုးရ၏ ပါဝင်မှုအခန်းကဏ္ဍကို လျှော့ချပြီး အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု သို့မဟုတ် ပုဂ္ဂလိက၏ဆောင်ရွက်မှု စသည့်ကဏ္ဍများကို တိုးမြှင့်နိုင်ရေးဆောင်ရွက်လျက်ရှိပါတယ်။ ထုတ်ကုန်ပစ္စည်းများကို မူသေပုံမှန်ထုတ်လုပ်နေမည့်အစား ဈေးကွက်စီးပွားရေးလိုအပ်ချက်နှင့်အညီ ပြောင်းလဲထုတ်လုပ်နိုင်ရန် ပုဂ္ဂလိကအခန်းကဏ္ဍဆောင်ရွက်မှသာ ပိုမိုသင့်တော်အဆင်ပြေမည်ဖြစ်ပါတယ်။ ၎င်းအပြင် နိုင်ငံတော်အနေဖြင့်လည်း စက်မှု ကဏ္ဍတွင် ပုဂ္ဂလိကလုပ်ငန်းများ ပိုမိုပါဝင်လာစေရန်အတွက်လည်း အားပေးအားမြှောက်ပြုခြင်း၊ နေရာပေးခြင်းတို့ကို ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ နိုင်ငံတော်မှ ကျင့်သုံးနေတဲ့ ဈေးကွက်စီးပွားရေးစနစ်နဲ့ လိုက်လျောညီထွေမှုရှိစေရေးနဲ့ နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေသော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (State Own Enterprises) ကြီးစိုးနေမှုကို လျှော့ချသွားရန်နှင့်

အဆိုပါနေရာတွင် Private သို့မဟုတ် Public Private Partnership (PPP) အသွင်ဖြင့် ဖြည့်ဆည်းကူးပြောင်းနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါတယ်။ ယခင် အမှတ်(၁)စက်မှု ဝန်ကြီးဌာန ရဲ့ ကြီးကြပ်မှုအောက်မှာ ထုတ်ကုန်ပစ္စည်းများရောင်းချတဲ့ ဝင်းသူဇာဆိုင်အနေနဲ့ ရန်ကုန်မြို့တွင် ဆိုင်(၂၀) နဲ့ နယ်မြို့အသီးသီးတွင် (၅၈)ဆိုင် စုစုပေါင်း(၇၈) ဆိုင် ရှိပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရလက်ထက်တွင် ဝင်းသူဇာဆိုင်များအား စနစ်တကျ ရှိစေရေး၊ စာရင်းစစ်ဆေးမှုခံနိုင်သည့်အနေအထား (Auditable) ဖြစ်စေရေးအတွက် မလိုလား အပ်သော မသမာမှုနှင့် ဆုံးရှုံးမှုများမဖြစ်စေရေးတို့အတွက် စိစစ်လျှော့ချခဲ့ရာ ယခုအချိန်မှာ ဝင်းသူဇာဆိုင် (၆၂) ဆိုင်သာ ကျန်ရှိပြီး ၎င်းအနက်အရောင်းဆိုင်(၁၃)ဆိုင်ကို ပုဂ္ဂလိကသို့ တစ်နှစ်တစ်ကြိမ် စာချုပ် ချုပ်ဆို ငှားရမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဝင်းသူဇာဆိုင်များအား ဈေးကွက်အပေါ်မူတည်၍ လိုအပ်သော ထုတ်ကုန်ပစ္စည်းများကိုသာ စနစ်တကျရောင်းချနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ သို့သော် သွားတိုက်ဆေး၊ စားစရာအစရှိတဲ့ လူသုံးကုန်ပစ္စည်း အမျိုးအစားများကို ပုဂ္ဂလိကမှသာ ထုတ်လုပ်ရောင်းချနိုင်ရေး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အထူးသဖြင့် ဆေးဝါးပစ္စည်းများဟာ စနစ်တကျထားသိုမှသာ သုံးစွဲသူများအတွက် အန္တရာယ် ဖြစ်ပေါ်မည်မဟုတ်ပါသဖြင့် ဆေးဝါးပစ္စည်းများကို ဝင်းသူဇာဆိုင်အချို့တွင်သာ စနစ်တကျ စီမံဆောင်ရွက်၍ ဖြန့်ဖြူးရောင်းချနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ ဈေးကွက်စီးပွားရေး စနစ်တွင် ဈေးကွက်မှသာ ဈေးနှုန်းအား သတ်မှတ်သွားမည်ဖြစ်ပါသဖြင့် အဆိုပါ လူသုံးကုန် ပစ္စည်းများကို ဈေးနှုန်းလျှော့၍ ရောင်းချသွားရန် အစီအစဉ် မရှိပါကြောင်းနှင့် အခြေခံ လူတန်းစားများအတွက် လိုအပ်သော လူသုံးကုန်ပစ္စည်းများအား လွယ်လင့်တကူ ရောင်းချဖြန့်ဖြူး နိုင်ရေးအတွက် လက်ရှိဝင်းသူဇာဆိုင်များကို ဆက်လက်ဖွင့်လှစ် ရောင်းချသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာတင်ရွှေ ရဲ့ မော်တော်ယာဉ်ထုတ်လုပ်မှုမှာ ကားအို ကားဟောင်းများကို အပ်စေပြီး ပြည်ပမှ အစားထိုး ကားဝယ်ယူခွင့် ခွင့်ပြုလိုက်သဖြင့် ပြည်တွင်းမော်တော်ယာဉ် ထုတ်လုပ်မှုအနေအထားကို မည်သို့ရှိသည်ကို သိရှိလိုကြောင်း မေးခွန်းနဲ့ပတ်သက်ပြီးတော့ ဆက်လက် ဖြေကြားပါမယ်။ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီရဲ့ ကြီးကြပ်မှုအောက်ရှိ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် ထုတ်လုပ်မှု ဖွံ့ဖြိုးရေးဆပ်ကော်မတီနဲ့ ပြည်တွင်းမော်တော်ယာဉ်

ထုတ်လုပ်မှုများအတွက် အသေးစားကုန်တင်ယာဉ်၊ လူစီးဘတ်စ်ကား၊ တန်(၂၀) ကုန်တင်ယာဉ်နှင့် မြေသယ်ယာဉ်များကို ထုတ်လုပ်ခွင့်ပြုထားပါတယ်။ ယခင်က ဘက်စုံသုံးမော်တော်ယာဉ် (Multi-purpose Vehicle) များကို ထုတ်လုပ်ခွင့်ပြုခဲ့သော်လည်း စက်မှုဇုန်များအနေဖြင့် အမှန်တကယ် ထုတ်လုပ်နိုင်ခြင်းမရှိဘဲ ပြည်ပမှ တရားမဝင်နည်းလမ်းများဖြင့် တင်သွင်းလျက် ပြည်တွင်း ထုတ်လုပ်သည့် သဏ္ဌာန်ဆောင်မှုများကိုသာ တွေ့ရှိရသဖြင့် ထပ်မံထုတ်လုပ်ခွင့် မပြုတော့ပါ။ ပြည်တွင်းမော်တော်ယာဉ် ထုတ်လုပ်သူများအနေနဲ့ အသေးစားကုန်တင်ယာဉ်ငယ်များဖြစ်တဲ့ (၁)တန်နှင့် (၂)တန်ယာဉ်များကို ကောင်းစွာထုတ်လုပ်လာနိုင်ကြပြီး အဆိုပါ ပြည်တွင်း ထုတ်ကုန်တင်ယာဉ်ငယ်များမှာ ပြည်တွင်းခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းကို များစွာအထောက်အပံ့ဖြစ်စေကြောင်း တွေ့ရှိရပါတယ်။ ပြည်ပမှ အစားထိုးဝယ်ယူ တင်သွင်းခွင့် ပြုရာတွင် အများဆုံးဝယ်ယူတင်သွင်းလျက်ရှိသော မော်တော်ယာဉ်များမှာ လူစီးယာဉ်ငယ်များ (Passenger cars) ဖြစ်ကြောင်းတွေ့ရှိရပြီး ယင်းအမျိုးအစားယာဉ်များကို ပြည်တွင်း မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းများအား ထုတ်လုပ်ခွင့်ပြုထားခြင်းမရှိကြောင်း ဖော်ပြအပ် ပါတယ်။ ပြည်ပမှ ဝယ်ယူတင်သွင်းခွင့်ပြုလိုက်သဖြင့် ပြည်တွင်းကားဈေးကွက်ရှိ မော်တော်ယာဉ် အမျိုးအစားအားလုံး၏ ဈေးနှုန်းများမှာ ကျဆင်းသွားသော်လည်း ယခင် အလွန်မြင့်မားနေသော ဈေးနှုန်းများမှ သင့်တင့်မျှတသော ဈေးနှုန်းသို့ ကျဆင်းသွားခြင်းသာ ဖြစ်ပါတယ်။ လက်ရှိ မော်တော်ယာဉ်များ၏ ဈေးကွက်ရှိ ဈေးနှုန်းအနေအထားတွင်ပင် ပြည်တွင်းမော်တော်ယာဉ် ထုတ်လုပ်သူများအနေနဲ့ ၎င်းတို့အား ထုတ်လုပ်ခွင့်ပြုထားသောမော်တော်ယာဉ်အမျိုးအစားများ ကို ထပ်မံထုတ်လုပ်နိုင်ရေးခွင့်ပြုချက်များကို တင်ပြတောင်းခံနေဆဲဖြစ်သဖြင့် ထူးခြားစွာ သိသာစွာ တွေ့ရှိရခြင်းမရှိသေးကြောင်း သုံးသပ်ရပါတယ်။ သို့ဖြစ်ပါ၍ ကားအို၊ ကားဟောင်းများကို အပ်စေပြီး ပြည်ပမှ အစားထိုးယာဉ်များကို ဝယ်ယူတင်သွင်းခွင့် ပြုလိုက်သဖြင့် ပြည်တွင်း မော်တော်ယာဉ် ထုတ်လုပ်မှုလုပ်ငန်းများအပေါ် သိသာစွာ အကျိုးသက်ရောက်မှုမရှိပါကြောင်း လေ့လာသုံးသပ် ရှင်းလင်းဖြေကြားအပ်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းတဲ့ မေးခွန်း တွေဟာ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက

ဖြေကြားရမယ့် မေးခွန်းတွေဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦး တင်ပြလာသည့် ၅၀၀၀ ကျပ်တန် SIM card အစီအစဉ်သည် Mobile ဖုန်း ဆက်သွယ်ရေးစနစ်ကို ပြည်သူများ စရိတ်စက အထူးသက်သာစွာ သုံးစွဲနိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်အစိုးရမှ ယင်းအစီအစဉ်ကို ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်မှု အခြေအနေနှင့် စပ်လျဉ်းသည့် မေးခွန်းနှင့် သုံးစွဲမှုစရိတ်ကြီးမြင့်နေသော Internet ဈေးနှုန်းများကို သက်သာအောင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ Internet connection များ မြန်ဆန်စွာ အသုံးပြုနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ညာဏစိုး က ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦးတင်ပြလာသည့် ၅၀၀၀ ကျပ်တန် SIM card အစီအစဉ်သည် Mobile ဖုန်း ဆက်သွယ်ရေးစနစ်ကို ပြည်သူများ စရိတ်စက အထူးသက်သာစွာသုံးစွဲနိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်အစိုးရမှ ယင်းအစီအစဉ်ကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးနိုင်မှု အခြေအနေနှင့် စပ်လျဉ်းတဲ့မေးခွန်းနှင့် သုံးစွဲမှုစရိတ်ကြီးမြင့်နေသော Internet ဈေးနှုန်းများကို သက်သာအောင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ Internet connection များ မြန်ဆန်စွာ အသုံးပြုနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဒေါက်တာမြတ်ညာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အပေါင်း နှစ်သစ်မှာ ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဦးစွာပထမ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းတွေကို မမေးမြန်းခင်မှာ ဒီမေးခွန်းတွေကို လွှတ်တော်ကို တင်ပြထားတဲ့ ရက်စွဲလေးကို တစ်ချက် တင်ပြလိုပါတယ်။ ဒါဟာ ဇန်နဝါရီလ ၁၈ ရက်နေ့ကတည်းက

တင်ပြထားတာဖြစ်ပြီးတော့ ခုချိန်မှာ ဒါ (၃)လကျော်ကြာတဲ့အချိန်ကျမှ ပြည်ထောင်စုအစိုးရအဖွဲ့က နေပြီးတော့ ပြန်လည်ဖြေကြားမှာဖြစ်တဲ့အကြောင်းကို ဦးစွာ အစီရင်ခံတင်ပြလိုပါတယ်။ မေးခွန်း(၂)ခုဟာ ဆက်စပ်နေပါတယ်။ (၂)ခုစလုံးဟာ ယနေ့ခေတ်မှာ IT လို့ခေါ်တဲ့ (Information Technology) နဲ့ ဆက်နွယ်နေတဲ့အရာတွေဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီ လက်ကိုင်ဖုန်းလို့လည်း ခေါ်ပါတယ်။ ကြိုးမဲ့ဖုန်း လို့လည်းခေါ်ပါတယ်။ Mobile Telecommunication system ဟာဆိုရင် ဇိမ်ခံပစ္စည်းတစ်ရပ်လိုပဲ ကျွန်တော်တို့တိုင်းပြည်မှာ စစချင်း ပေါ်ထွန်းခဲ့တာဖြစ်ပါတယ်။ အခုချိန်မှာတော့ ကမ္ဘာမှာလည်း အင်မတန်မှ ဈေးနှုန်းသက်သာစွာနဲ့ သုံးစွဲနိုင်တဲ့အနေအထား ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း ဈေးနှုန်းတွေ ကျဆင်းလာပြီဆိုပေမယ့် ကျွန်တော်တို့ Mobile ဖုန်းများ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနက ငှားရမ်းခွင့်ပြုခဲ့တာ (၅) သိန်းတုန်းက လက်တွေ့မှာတော့ သိန်း(၄၀) (၅၀)အထိ ဈေးနှုန်းမြင့်မြင့်မားမားနဲ့ သုံးစွဲခဲ့ရတဲ့ အနေအထားတွေရှိပါတယ်။ အဲဒီကနေပြီးတော့မှ ဆက်သွယ်ရေးကို ကျွန်တော်တို့ ငှားရမ်းခ သွင်းရတဲ့ဈေးကိုက (၁၅)သိန်း၊အဲဒီ (၁၅)သိန်း ကမှ တစ်ခါ (၅)သိန်း၊ အခုတော့ (၂)သိန်း တော့ဖြစ်လာပြီ။ ဒါပေမဲ့ နိုင်ငံတကာတိုင်းပြည်တွေ၊ အိမ်နီးချင်းနိုင်ငံတွေနဲ့နှိုင်းယှဉ်လိုက်ရင်တော့ ဒီ ပမာဏဟာ တော်တော့်ကို မြင့်မားနေသေးတဲ့ (၁၀)ဆလောက်မြင့်မားနေသေးတဲ့ အနေအထားမျိုး (၁၀)ဆမက မြင့်မားနေသေးတဲ့အနေအထားမျိုးဖြစ်နေပါတယ်။ အဲဒီတော့ ဆက်သွယ်ရေးလုပ်ငန်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့လည်း တာဝါတိုင်တွေကို ရင်းနှီးမြှုပ်နှံရတယ်။ ထူထောင်ရတယ်။ မှန်ပါတယ်။ သို့သော် ကုန်ပစ္စည်းတစ်ခုဟာ ရောင်းချတဲ့အခါမှာ ဒီဟာက စဉ်ဆက်မပြတ်ရောင်းချနေရတဲ့အခါမှာ ဒီဝင်ငွေထဲက နေပြီးတော့မှ တစ်ဆင့် ပြန်ရလာမှာပါ။ တစ်ခါတည်း အရင်းကျေစရာ မလိုပါဘူး။ ဒီအတွက်ကြောင့်မို့လို့ ဒီစရိတ်စကတွေ ကြီးမြင့်နေတယ်ဆိုတာကို ပွင့်ပွင့်လင်းလင်း တင်ပြလိုပါတယ်။ အဲဒီတော့ ဒီပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦး တင်ပြလာတဲ့ ၅၀၀၀ ကျပ်တန် SIM card ဆိုတာက ဒါ Operator System လို့ ကျွန်တော် နားလည်ထားပါတယ်။ ဒီဟာကို လက်ရှိအချိန်မှာတော့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ ခွင့်ပြုနိုင်ခြင်းမရှိဘူး။ ဒီဟာက ဆက်သွယ်ရေးဥပဒေရဲ့ ကန့်သတ်မှုတွေနဲ့လည်း ပါဝင်နေတယ်ဆိုတာလည်း သိရှိပါတယ်။ သို့သော် ဒီဥပဒေတွေကို ဝန်ကြီးဌာနကနေပြီးတော့ လွှတ်တော်ကို တင်ပြဖြေလျှော့ပေးပြီးတော့ နောက် စီးပွားရေးလုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါမှာ ပြည်သူတွေအတွက် စရိတ်စက သက်သာအောင် ပြိုင်ဆိုင်ခွင့် ပြိုင်ဆိုင်ပြီးတော့ ယှဉ်ပြိုင်ပြီးတော့ ဆောင်ရွက်ခွင့်တွေပေးလာရင် ဒါ

ပြည်သူတွေအတွက်စရိတ်စကတွေ သက်သာလာမှာပါ။ နောက် ဒီလို Transaction Cost တွေ ကြီးမားနေတာဟာ လျှော့ကို လျှော့ရမယ်ဆိုတာ နိုင်ငံတော်သမ္မတကြီး ရဲ့ ပထမဦးဆုံးသော အခြေပြုမိန့်ခွန်းမှာကို အတိအလင်း မိန့်ဆိုထားပြီးတော့ ဒီလိုမိန့်ခွန်းကို မိန့်ဆိုခဲ့တာကို (၁)နှစ်ကျော်ကြာရှိတဲ့ အနေအထားရောက်ခဲ့ပါပြီ။ အဲဒီအတွက်ကြောင့်မို့လို့ ကျွန်တော်တို့က တကယ် ခေတ်ပြောင်း စနစ်ပြောင်းတဲ့အချိန်မှာ ဒီ ကုမ္ပဏီအစုအဖွဲ့ (၁၈)ဖွဲ့၊ အဖွဲ့(၂၀) အစရှိသဖြင့် ဒီလိုအစုအဖွဲ့တွေအပြင်မကဘဲနဲ့ အားလုံးကို ယှဉ်ပြိုင်ဆောင်ရွက်ခွင့်ပေးလိုက်ရင် ဒီကိစ္စတွေဟာ အဆင်ပြေလာမယ်။ ပြည်သူ့အကျိုးကိုပဲ ရှေးရှုပြီးတော့ ပြည်သူတွေအတွက် စရိတ်စက သက်သာ အောင် ဆောင်ရွက်ပေးနိုင်ဖို့ လိုအပ်တယ်လို့ ထင်မြင်ယူဆပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော် အစိုးရ ကနေပြီးတော့ ဒီအစီအစဉ်ကို ကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ကို မေးမြန်းလိုခြင်း ဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပင် Internet ကလည်း ဒီလိုပါပဲ။ ဒီခေတ်မှာ ကျွန်တော်တို့က ဒီ Internet တို့၊ Mobile တို့ဆိုတာဟာ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး အားလုံးမှာ ကျွန်တော် တို့က ဆက်စပ်ပြီး အသုံးပြုနေရတာပါ။ အဲဒီတော့ Internet connection တွေ ဘယ်လောက် ဆိုးရွားနေတယ်၊ Internet connection တွေ ဘယ်လောက်မကောင်းဘူးဆိုတာ အထူးတလည် တင်ပြစရာ မလိုပါဘူး။ ကိုယ်စားလှယ်တော်ကြီးများ အားလုံး လည်း Internet ကို အသုံးပြုနေတာ ဖြစ်ပါတယ်။ အသုံးပြုနေတဲ့အခါမှာ ဘယ်လောက် ကျွန်တော်တို့ သုံးရခက်နေလည်းဆိုတာ လက်တွေ့မျက်မြင်ပဲ ဖြစ်ပါတယ်။ နောက် ဒီလိုပါပဲ။ Internet ရဲ့ ကနဦးတပ်ဆင်ခ ဈေးနှုန်း တွေကလည်း လျှော့ကျလာတယ်ဆိုသော်ငြားလည်း ကမ္ဘာ့အနေအထား အိမ်နီးချင်း တိုင်းပြည် တွေနဲ့ ယှဉ်လိုက်ရင် ဒါဟာ အင်မတန်မှ မြင့်မားနေသေးတဲ့အတွက်ကြောင့်မို့လို့ ဒီဟာကိုရော ပြည်သူလူထုတွေရဲ့အကျိုးအတွက် တကယ် Transaction Cost တွေကို လျှော့ချပြီးတော့ ထိထိ ရောက်ရောက် တကယ့်လက်တွေ့ ဘယ်လိုဆောင်ရွက်ပေးနိုင်မလဲ ဆိုတာကိုလည်း ဒါ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနကို အများပြည်သူအကျိုးငှာ အပြုသဘောနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ပန်ကြားမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။

## တနင်္သာရီမြို့နယ်တွင် ပြိုလဲကျနေသည့် CDMA ဖုန်းလိုင်းဆက်သွယ်ရေးတိုင်ကို ပြန်လည်စိုက်ထူပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသန်းမြင့် က တနင်္သာရီမြို့နယ်တွင် ပြိုလဲကျနေသည့် CDMA ဖုန်းလိုင်းဆက်သွယ်ရေးတိုင်ကို ပြန်လည်စိုက်ထူပေးရန် အစီအစဉ်ရှိ/မရှိ နဲ့စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဦးသန်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါလို့ ရှေးဦးစွာဂါရဝပြုနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့် ဖြစ်ပါတယ်။ ကျွန်တော်တင်သွင်းတဲ့ မေးခွန်းကတော့ ကျွန်တော်တို့ တနင်္သာရီမြို့နယ်မှာ CDMA ဖုန်းလိုင်းဆက်သွယ်ရေးတာဝါတိုင်ကြီး ပြိုလဲကျနေခြင်းနဲ့ ပတ်သက်ပြီးတော့ မေးခွန်းတင်သွင်းထားခြင်းပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးရဲ့ ဒီ CDMA ဖုန်းလိုင်းတာဝါတိုင်ကြီးကို စတင်စိုက်ထူတာဟာ ၂၀၁၀ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့မှာ ဖြစ်ပါတယ်။ အဲဒီဖုန်းလိုင်းကို စတင်ပြီးတော့ စိုက်ထူလိုက်တဲ့အခါမှာ ကျွန်တော်တို့ တနင်္သာရီတစ်မြို့နယ်လုံးဟာ တော်တော်များများ ဖုန်းလိုင်းဆက်သွယ်ရေးတွေကောင်းပြီး အများပြည်သူများဝမ်းသာဝမ်းမြောက်စွာနဲ့ပဲ နိုင်ငံတော်အစိုးရအပေါ်မှာများစွာပဲ ကျေးဇူးတင်ရှိ နေခဲ့ကြပါတယ်။ ဒါပေမဲ့ မကြာခင်သောအချိန်ဖြစ်တဲ့ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှာ လေပြင်းတစ်ချက် ဝှေ့တာနဲ့ပဲ ဒီ CDMA ဖုန်းလိုင်းဆက်သွယ်ရေးတာဝါတိုင်ကြီးဟာ မြေမခိုင်ပဲနဲ့ပြိုလဲကျသွားခဲ့ပါတယ်။ အဲဒါနဲ့ပဲ တစ်နှစ်တာကာလသာခံတဲ့အထိ စိုက်ထူထားတဲ့ CDMA တာဝါတိုင်ကြီးဟာ ချက်ချင်းပြန်စိုက်ထူခြင်းမပြုလုပ်နိုင်ဘဲနဲ့ သုံးချောင်းထောက်စနစ်နဲ့ သာယာယီအားဖြင့်ပြန်လည်ဆောင်ရွက်ထားတာဖြစ်တဲ့အတွက် တာဝါတိုင်ကြီးစိုက်ထူစဉ်က ကျွန်တော်တို့တစ်မြို့နယ်လုံးဖုန်းလိုင်းဆက်သွယ်ရေးဟာ ရာခိုင်နှုန်း ၈၀ လောက်သော နေရာတွေမှာ တော်တော်များများဖုန်းဆက်သွယ်လို့ရခဲ့ပါတယ်။ အဆင်ပြေခဲ့ပါတယ်။ အခုလို ပြိုလဲသွားပြီး သုံးချောင်းထောက်

စနစ်နဲ့ ပြန်လည်လုပ်ဆောင်ထားတဲ့နေရာမှာ ဒီကနေ့အထိဆိုရင် ဖုန်းလိုင်းဆက်သွယ်တဲ့နေရာမှာ မိတစ်ချက်၊ မမိတစ်ချက် မိပြန်တော့လည်း မကြာခဏပြုတ်ကျ ဆက်သွယ်ရေးတွေ အခက်အခဲအများကြီး တွေ့ရှိရပါတယ်။ အခု ကျွန်တော် တင်သွင်းတဲ့ မေးခွန်းက ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့ကနေ ဒီကနေ့အထိဆိုရင် ကြားမှာ ကျွန်တော်တို့ (၃)လလောက်အချိန်ဟာ ကွာဟသွားမှာဖြစ်ပါတယ်။ ဒီ ကွာဟတဲ့အချိန်အတွင်းမှာ ကျွန်တော် မေးတဲ့ မေးခွန်းတွေနဲ့ ပတ်သက်ပြီးတော့ ဒီ ဆက်သွယ်ရေးတာဝါတိုင်ကို အခုအချိန်မှာ ပြန်လည် စတင်စိုက်ထူနေပြီ ဆိုတာကို ကျွန်တော် သိရှိလိုက်ရပြီဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော် ဥက္ကဋ္ဌကြီးကနေတစ်ဆင့် အနည်းငယ် ကျွန်တော် တင်သွင်းတဲ့မေးခွန်းကို ပြောင်းလဲပြီးတော့ အနည်းငယ်မျှပဲ မေးမြန်းခွင့် ပြုပါလို့ တင်ပြချင်ပါတယ်။ ကျွန်တော်မေးမြန်းချင်တာကတော့ ဒီပြန်လည် စိုက်ထူနေပြီ ဖြစ်တဲ့ ဒီ CDMA တာဝါ ဆက်သွယ်ရေး ဖုန်းလိုင်းတိုင်ကြီးကို အခု အများ ပြည်သူဝမ်းမြောက်စွာနဲ့ လွယ်ကူချောမောစွာ ဆက်သွယ်နိုင်ရေးအတွက် ပြန်လည်စိုက်ထူချိန် ကနေပြီးတော့ တစ်ဆက် တစ်စပ်တည်း ဘယ်အချိန်လောက်မှာ ပြီးဆုံးအောင် ဆောင်ရွက်ပေးနိုင်မယ်ဆိုတာကိုလည်း မေးမြန်းခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၄။**

**ဖြေကြားချက်။**

**ဦးတင့်လွင်(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ နိုင်ငံတော်၏တာဝန်များကို ကိုယ်စိတ်နှစ်ပါး ကျန်းမာ ချမ်းသာစွာဖြင့် ထမ်းဆောင်နိုင်ကြပါစေကြောင်း လေးစားစွာ ဆန္ဒပြုအပ်ပါတယ်။ ကျွန်တော် ကတော့ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးတင့်လွင် ကနေပြီးတော့ မေးခွန်းများကို ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ပထမဆုံးအနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော်

ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး မေးမြန်းထားတဲ့ မေးခွန်းများနဲ့ပတ်သက်၍ ပထမ မေးခွန်းကို စတင်၍ ပြန်လည် တင်ပြဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနရဲ့ ကွပ်ကဲမှုအောက်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနတို့ဟာ နိုင်ငံတော်နဲ့ပြည်သူတို့အတွက် ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်း များကို လုပ်ကိုင်ဆောင်ရွက်ရာမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေနဲ့အညီ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ရရှိလာတဲ့ဝင်ငွေများ ကိုလည်း နိုင်ငံတော်ရဲ့ ပညာရေး၊ ကျန်းမာရေးနဲ့ လူမှုရေးကဏ္ဍများတွင် အသုံးပြုနိုင်ရန် နှစ်စဉ် ရည်မှန်းချက်အတိုင်း ထည့်ဝင်ပေးလျက်ရှိကြောင်းတင်ပြအပ်ပါတယ်။ ထို့အပြင် ပြောင်းလဲဖြစ်ပေါ်လာတဲ့ ခေတ်စနစ်နဲ့အညီ ဆက်သွယ်ရေးကဏ္ဍ၏မူဝါဒများ ပြင်ဆင် ပြောင်းလဲခြင်း (Telecommunication Reform) ကို ဆောင်ရွက်လျက်ရှိပါတယ်။ တည်ဆဲ ဆက်သွယ်ရေးဆိုင်ရာ အချို့ဥပဒေများမှာ ခေတ်နှင့်မလျော်ညီတော့သဖြင့် ဆက်သွယ်ရေး ဥပဒေဆိုင်ရာများကို ပြင်ဆင်ရေးဆွဲလျက်ရှိပါတယ်။ ပြန်လည်ပြင်ဆင်ရေးဆွဲလျက်ရှိတဲ့ ဆက်သွယ်ရေးဥပဒေ(မူကြမ်း)မှာ ဆက်သွယ်ရေးကဏ္ဍမှာ Private Sector မှ ကျယ်ပြန့်စွာ ပါဝင်လာရေးနှင့် ဆက်သွယ်ရေးဝန်ဆောင်မှုများကို နိုင်ငံတကာနည်းတူ Private Sector မှ ပါဝင်လုပ်ဆောင်နိုင်သော အခွင့်အလမ်းများကို ထည့်သွင်းရေးဆွဲထားပြီး ဖြစ်ပါတယ်။ ရှေ့နေချုပ်ရုံးနှင့် သက်ဆိုင်ရာဌာနများမှတစ်ဆင့် တင်ပြလာမယ့် ဒီဥပဒေမူကြမ်းသည် လွှတ်တော်အဆင့်ဆင့်သို့ ရောက်ရှိလာမှာဖြစ်တဲ့အတွက် ကိုယ်စားလှယ်တော်များအနေဖြင့် ဥပဒေကြမ်း တင်လာတဲ့အချိန်မှာ လိုအပ်ချက်များရှိပါက ထပ်မံဆွေးနွေးပေးစေလိုကြောင်း တင်ပြအပ်ပါတယ်။ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအနေဖြင့် အမျိုးသား စီမံကိန်းဥပဒေကြမ်းတွင်လည်း ၂၀၁၂-၂၀၁၃ ခုနှစ် ဆက်သွယ်ရေးကဏ္ဍမူဝါဒများကို အောက်ပါ အတိုင်း တင်ပြထားခဲ့ပြီး ၎င်းမူဝါဒများကိုလည်း ၉-၂-၂၀၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှာ ဆွေးနွေးထောက်ခံခဲ့ပြီးဖြစ်ပါတယ်။ အဲဒီအချက်တွေ ကတော့ အပိုဒ်(၁) စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ အခန်းကဏ္ဍအနေဖြင့် Public Private Partnership (PPP) ပုံစံဖြင့် ဆောင်ရွက်သွားရန် ရည်မှန်းချက်ထားရှိပြီး ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုကို ပိုမိုခွင့်ပြု ဆောင်ရွက်ရေး။အပိုဒ်(၂)ခေတ်နှင့်လျော်ညီအောင်ပြင်ဆင်ရေးဆွဲထားရှိသော ဥပဒေများအပေါ်

အတည်ပြုဆောင်ရွက်ခြင်းနှင့် လိုက်နာကျင့်သုံးခြင်းများ ဆောင်ရွက်ရေး။ အပိုဒ်(၃) ပြည်တွင်း ဆက်သွယ်ရေးကဏ္ဍ၏ တည်ဆောက်မှုလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှု လုပ်ငန်းများကို ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များအားပါဝင်ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပြီး၊ IT ကဏ္ဍတွင် နိုင်ငံသားနှင့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုအား အချိုးအစားမျှတစွာ ရင်းနှီးမှုအခွင့် အလမ်းများ ဆက်လက်ဖန်တီးပေးရေးတို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနက နိုင်ငံတော်နှင့် ပြည်သူများအတွက် နိုင်ငံတကာစံချိန်စံညွှန်း များနှင့်ကိုက်ညီသော တယ်လီဖုန်းဆက်သွယ်ပြောဆိုမှု ရရှိနိုင်ရန်နှင့် တယ်လီဖုန်းသုံးစွဲသူ ပြည်သူများ အလွယ်တကူသုံးစွဲနိုင်ရေးအတွက် ကနဦးတပ်ဆင်ခများကို အဆင့်အလိုက် လျှော့ချ တပ်ဆင်ပေးလျက်ရှိပါတယ်။ ထို့အပြင် နှစ်စဉ်စီမံကိန်းများဖြင့် နိုင်ငံတကာစံချိန်စံညွှန်း နှင့်အညီ မိုဘိုင်းတယ်လီဖုန်းများကို ကျေးလက်ဒေသများအထိ တိုးချဲ့တပ်ဆင်ပေးသွားမည် ဖြစ်ပြီး တပ်ဆင်ခများကိုလည်း ပတ်ဝန်းကျင်နိုင်ငံများအတိုင်းဖြစ်စေရန် တစ်ဆင့်ပြီးတစ်ဆင့် ထပ်မံလျှော့ချ တပ်ဆင်သွားရန် စီမံဆောင်ရွက်လျက်ရှိပါတယ်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် အတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်သည့် GSM/UMTS မိုဘိုင်းတိုးချဲ့တပ်ဆင်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခွင့်ပြုချက်ရယူခဲ့ပြီး နိုင်ငံသားပိုင် ပြည်တွင်းကုမ္ပဏီ(၂၃)ခုနှင့် နိုင်ငံတော်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ကြရန် ညှိနှိုင်းသဘောတူညီခဲ့ကြပါတယ်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပြည်တွင်းကုမ္ပဏီ(၂၃)ခုတို့သည် အကြိမ်ကြိမ်ညှိနှိုင်း ဆွေးနွေး ခဲ့ကြပြီး တည်ဆဲဥပဒေများနှင့် ကိုက်ညီသည့် စီးပွားရေးလုပ်ငန်းပုံစံ (Business Model)၊ ရင်းနှီးမြှုပ်နှံမှုအစီအစဉ် (Investment Plan) စသည်တို့ကို ဆုံးဖြတ်ခဲ့ကြပါတယ်။ စီမံကိန်း အစီအစဉ်အရ ဖြစ်ပေါ်လာမယ့် ရင်းနှီးမြှုပ်နှံမှုအပေါ် အရင်းကျေကာလနှင့် နိုင်ငံတော်သို့ ထည့်ဝင်ငွေ စသည်တို့ကိုလည်း တွက်ချက်ခဲ့ကြပြီး စီမံကိန်းကာလအတွင်း မိုဘိုင်းတယ်လီဖုန်း တပ်ဆင်ခနှုန်းထားများကို ပတ်ဝန်းကျင်နိုင်ငံများ၏ နှုန်းထားများအတိုင်း အဆင့်ဆင့်လျှော့ချ သွားနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မိုဘိုင်းဖုန်းများကို တပ်ဆင်ရာတွင် တပ်ဆင်ထားတဲ့ မိုဘိုင်းဖုန်းအချင်းချင်း ဆက်သွယ်ပြောဆိုနိုင်ရေး၊ လက်ရှိ ရှိပြီးဖြစ်သော အော်တိုဖုန်းများ၊ မိုဘိုင်းဖုန်းများနှင့် လွယ်ကူလျှင်မြန်စွာ ပြောဆိုဆက်သွယ်နိုင်ရေးတို့အတွက် အဓိကလိုအပ်သော အောက်ပါဆက်သွယ်ရေး အခြေခံအဆောက်အအုံ (Telecommunications Infrastructure) ကို အချိန်ယူ၍ မဖြစ်မနေတည်ဆောက်နေရပါတယ်။ အဲဒီ Infrastructure ကတော့ တိုးချဲ့မည့် မိုဘိုင်းစီမံကိန်းအတွက် Network Plan & Design ရေးဆွဲခြင်း၊ စခန်းနှင့် တာဝါ တည်ဆောက်ရန် မြေနေရာရှာဖွေသတ်မှတ်ခြင်း၊ မြေဆီလွှာစမ်းသပ်ခြင်း၊ တာဝါဖောင်ဒေးရှင်း ပြုလုပ်ခြင်း၊ တာဝါတည်ဆောက်ခြင်း၊ စက်မှုအဆောက်အဦ ဆောက်လုပ်ခြင်း၊ နောက်(Base Transceiver Station) တည်ဆောက်ခြင်း၊ နောက် (Base Station Controller) တည်ဆောက်ခြင်း၊ (Mobile Switching Centre) တည်ဆောက်ခြင်း၊ မြို့တွင်းဆက်သွယ်မှု၊ တစ်မြို့နှင့်တစ်မြို့ ဆက်သွယ်မှု၊ ပင်မကျောရိုး ဆက်သွယ်မှုများအတွက် မိုက္ကရို၊ ဖိုင်ဘာ၊ ဂြိုလ်တုဆက်ကြောင်းများ တည်ဆောက်ခြင်း၊သတင်းအချက်ပို့စနစ်(Short Message Service Centre)တည်ဆောက်ခြင်း၊ အော်တိုတယ်လီဖုန်းအိတ်ချိန်းများ အင်အားတိုးချဲ့တပ်ဆင်ခြင်း၊ အပြည်ပြည်ဆိုင်ရာ ထရန်စမစ်ရှင်းအိတ်ချိန်းတွင် အင်အားတိုးချဲ့ တပ်ဆင်ခြင်း၊ Mobile Data Service အတွက် စက်ပစ္စည်းများတပ်ဆင်ခြင်း၊ Convergent Billing System အတွက် စက်ပစ္စည်းများ တပ်ဆင်ခြင်း၊ Network Optimization ပြုလုပ်ခြင်းတို့ ဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့ လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ရတာဖြစ်ပါတယ်။ အဲဒီတော့ စီမံကိန်းပထမနှစ်တွင် အထက်ဖော်ပြပါ တည်ဆောက်ရတဲ့ Telecommunications Infrastructure တို့ဟာ စီမံကိန်းကာလအတွက် လုံလောက်ပြည့်စုံအောင် စတင်တည်ဆောက်ရတဲ့အတွက် အချိန်ယူ တည်ဆောက်ရတဲ့အပြင်ကနဦးရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်များပြားလှပါတယ်။သို့သော် လာမယ့် စီမံကိန်းနှစ်များမှာ တည်ဆောက်ခဲ့ပြီး Infrastructure ကို ပုံမှန်တိုးချဲ့ရန်သာ လိုအပ်မည်ဖြစ်၍ ရင်းနှီးမြှုပ်နှံမှုများသည် နှစ်စဉ် လျော့ကျသက်သာသွားမည်ဖြစ်သည့်အတွက် နိုင်ငံတကာ နှုန်းထားများအတိုင်း မိုဘိုင်းတယ်လီဖုန်းနှုန်းထားများကို လျော့ချသွားနိုင်မှာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ၂၀၁၂ ခုနှစ် မတ်လ(၁)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး၌ သမ္မတကြီးမှ မိန့်ခွန်းပြောကြားရာတွင် ဆက်သွယ်ရေးကဏ္ဍနှင့်ပတ်သက်၍ မိုဘိုင်းတယ်လီဖုန်းကိစ္စနှင့်ပတ်သက်ပြီး လောလောဆယ်မှာ ကျွန်တော်တို့ တည်ဆောက်ရေးလုပ်ငန်းတွေ ဆောက်ရွက်နေရပါတယ်။ ဒီလုပ်ငန်းတွေ ပြီးတာနဲ့အမျှ ပြည်သူတွေရဲ့ ဆန္ဒပြည့်ဝအောင် နိုင်ငံတကာရဲ့ စံချိန်စံညွှန်းများနှင့်အညီ အကောင်းဆုံးနည်းလမ်းများရှာဖွေပြီး ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်ဟူ၍ သမ္မတကြီးအနေနဲ့ ထည့်သွင်းမိန့်ကြားသွားပါတယ်။ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအနေဖြင့်လည်း နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်အတိုင်း ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာဆက်သွယ်ရေးကဏ္ဍတွင် အတွေ့အကြုံရှိပြီးဖြစ်သော ငွေကြေးအင်အားတောင့်တင်းခိုင်မာ၍ နည်းပညာအဆင့်အတန်းမြင့်မားသော၊ လက်ရှိဆက်သွယ်ရေးလုပ်ငန်းကို ဆောင်ရွက်နေကြသည့် ဆက်သွယ်ရေးဝန်ဆောင်မှုကုမ္ပဏီများနှင့် ညှိနှိုင်းဆွေးနွေးပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ဆက်သွယ်ရေးကဏ္ဍဟာ ဝင်ငွေသေချာတဲ့ကဏ္ဍဖြစ်၍ ရင်းနှီးမြှုပ်နှံလိုသော ပြည်တွင်းပြည်ပကုမ္ပဏီများမှာလည်းများစွာရှိနေပါတယ်။ ၎င်းတို့အထဲမှ အချို့နိုင်ငံတကာကုမ္ပဏီကြီးများနှင့် အကြိုညှိနှိုင်း ဆွေးနွေးလျက်ရှိကြောင်းလည်းတင်ပြအပ်ပါတယ်။ ယင်းသို့ ဆွေးနွေးရာမှာ၎င်းတို့အနေဖြင့်ငွေကြေး၊ နည်းပညာ၊ စက်ပစ္စည်းတို့ဟာအချိန်တိုအတွင်း ရရှိနိုင်သော်လည်း နိုင်ငံတကာစံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် အခြေခံအဆောက်အဦ ဆက်သွယ်မှုကွန်ရက် တည်ဆောက်ခြင်း ကိုတော့ (၁)နှစ်၊ (၁)နှစ်ကျော်ခန့် ကြာမြင့်နိုင်ကြောင်း ဆွေးနွေးရရှိခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနမှ တင်ပြထားခဲ့တဲ့အတိုင်း နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်နိုင်ငံတကာနှုန်းထားများအတိုင်း ဖြစ်အောင်နည်းလမ်းများ ရှာဖွေဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး ဒုတိယမေးခွန်းဖြစ်တဲ့ ကနဦးတပ်ဆင်ခနှင့် သုံးစွဲမှုကုန်ကျစရိတ်ကြီးမြင့်နေတဲ့ Internet ဈေးနှုန်းကို သက်သာအောင်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ၊ Internet Connection များ မြန်ဆန်စွာ တိုးတက်အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်စီမံပေးမည့် အစီအစဉ်တို့နှင့် ပတ်သက်၍လည်း အောက်ပါအတိုင်းဆက်လက်ဖြေကြားအပ်ပါတယ်ခင်ဗျား။

မြန်မာနိုင်ငံတွင် နိုင်ငံတကာအင်တာနက် အိတ်ချိန်း National Gateway (၁)ခု၊ အင်တာနက် ဝန်ဆောင်မှု ထောက်ပံ့သည့် အဖွဲ့အစည်း ISP Internet Service Provider (၂)ခုရှိပြီး ၎င်း ISP (၂)ခုမှ အင်တာနက်လိုင်းချိတ်ဆက်ထားသူ Subscriber (၅၀၂၆၄)ဦး ရှိပါတယ်။ ၎င်းအင်တာနက်လိုင်းချိတ်ဆက်ထားသူ Subscriber (၅၀၂၆၄)ဦးရဲ့နောက်မှာ Internet Access တွေကို မျှဝေပြီးတော့ သုံးစွဲနေတဲ့ (User) စုစုပေါင်း ဆိုလို့ရှိရင် (၃)သိန်းကျော် (၄)သိန်းခန့် မြန်မာနိုင်ငံမှာ ရှိနေကြောင်း ခန့်မှန်းတွက်ချက်ထားရှိပါတယ်ခင်ဗျား။ ၎င်း Subscriber (၅၀၂၆၄)ဦးအား Internet Access ရယူသုံးစွဲသည့် နည်းလမ်းများဖြစ်တဲ့ အမျိုးအစား ခွဲခြားတင်ပြရမည် ဆိုပါက Fiber များ နှင့် ချိတ်ဆက်ထားသူ (၁၉၀၉)ဦး၊ ADSL စနစ်ဖြင့် ချိတ်ဆက်ထားသူ (၂၇၅၃၁)ဦး၊ ကြိုးမဲ့ အင်တာနက် (Wi Max)ဖြင့် ချိတ်ဆက်သူ (၉၀၉)ဦး၊ မိုဘိုင်းဖုန်းများပေါ်မှ သုံးစွဲသူဦးရေ (၂၄၆၈၀)ဦး တို့ ဖြစ်ပါတယ်။ အထက်ပါ အင်တာနက်ချိတ်ဆက်မှု အမျိုးအစားများအတွက် သုံးစွဲသူများမှ ကျခံသုံးစွဲရသော ကနဦး တပ်ဆင်ခနှင့် လစဉ်ကြေးများကို ကျွန်တော့်အနေနဲ့ အကျဉ်းတင်ပြရမယ်ဆိုလို့ရှိရင် Fiber နှင့်ချိတ်ဆက် အင်တာနက်အသုံးပြုမယ် ဆိုပါက ယခင်တုန်းက ကျွန်တော်တို့ ကနဦးတပ်ဆင်ခကို (၈၀၀၀၀၀)ကောက်ခံခဲ့ရာမှ ယနေ့(၂၀၀၀၀၀)သာ ကောက်ခံပြီးတော့ လစဉ်ကြေး (၂၀၀၀၀)ပဲ ကောက်ခံ ပါတယ်။ ဒါ အင်တာနက် 2Mb ကျွန်တော်တို့ Band width ကို ကျွန်တော်တို့ ကောက်ခံခြင်း ဖြစ်ပါတယ်။ နောက် Fiber To The Home ဆိုလို့ရှိရင် လက်ရှိ (၇၅၀၀၀၀) ကနဦးတပ်ဆင်ခ ကောက်ခံပြီးတော့ လစဉ်ကြေး(၇၅၀၀၀) 1Mb အတွက် ကောက်ခံပါတယ်။ ADSL ဆိုလို့ရှိရင် ယခင်တုန်းက ကနဦးတပ်ဆင်ခ (၁၅၀၀,၀၀၀) ကောက်ခံခဲ့ရာမှာ လက်ရှိ ကနဦးတပ်ဆင်ခ (၅၀၀၀၀၀)နဲ့လစဉ်ကြေး (၃၅၀၀၀) ကောက်ခံလျက်ရှိပါတယ်။ Wi-Max နှုန်းထားအားဖြင့် ယခင်တုန်းက (၁,၅၀၀,၀၀၀) ကောက်ခံခဲ့ရာမှ ဒီနေ့ ကနဦးတပ်ဆင်ခ (၆၃၀,၀၀၀)နဲ့ လစဉ်ကြေး (၄၈၀၀၀) 4Mb ကောက်ခံပါတယ်။ မိုဘိုင်းဖုန်းများအနေနဲ့ Data သုံးမယ်ဆိုလို့ရှိရင် CDMA 800 အတွက် ကနဦးတပ်ဆင်ခ (၃၀၀၀၀)ပေးပြီးတော့ ကျွန်တော်တို့ GSM အတွက်(၁၀၀၀၀)ကနဦးတပ်ဆင်ခကောက်ခံ၍တစ်မိနစ်ကို(၄)ကျပ်နှုန်းဖြင့် ကျွန်တော်တို့ ကောက်ခံလျက်ရှိပါတယ်။ အဲဒီတော့ ဒီနှုန်းထားများကိုကြည့်ခြင်းအားဖြင့် အိမ်နီးနားချင်း နိုင်ငံများနှင့်နှိုင်းယှဉ်ပါက ကနဦးတပ်ဆင်ခဈေးနှုန်းများ ကြီးမြင့်နေရခြင်း၏အကြောင်းအရင်းမှာ အင်တာနက်ကွန်ရက် အခြေခံအဆောက်အဦ စတင်အချိန်ယူတည်ဆောက်မှုစရိတ်ကြီးမြင့်မှုပေါ်တွင်

မှုတည်နေပါတယ်။ ဒီသုံးစွဲခစရိတ်(လစဉ်ကြေး)မှာ အချို့နိုင်ငံများထက်သက်သာပြီး အချို့နိုင်ငံများနှင့် တန်းတူနီးပါးရှိကြောင်း သိရှိနိုင်ပါတယ်။ အထက်ဖော်ပြခဲ့တဲ့နှုန်းတွေကိုကြည့်လျှင် ယခင် ကနဦးတပ်ဆင်ခများရဲ့ လက်ရှိအခြေအနေမှာ ထက်ဝက်ခန့် လျှော့ချပေးထားသည်ကို တွေ့နိုင်ပြီး ကွန်ရက်တည်ဆောက်မှုစရိတ်အပေါ် သုံးစွဲသူများအရေအတွက် များပြားလာသည်နှင့်အမျှ ကနဦးတပ်ဆင်ခများ ဆက်လက်ပြီးတော့ လျှော့ချဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

မြန်မာနိုင်ငံ၏ အင်တာနက်ဆက်သွယ်မှု နှေးကွေးရခြင်းအကြောင်းရင်းနှင့် ပတ်သက်၍ အင်တာနက်ကွန်ရက် အဆင့်မြှင့်တင်ရေး ဆောင်ရွက်နိုင်ရေးအတွက် လက်ရှိဝန်ဆောင်မှုပေးနေသော (ISP)(၂)ခု၏ ပင်မကွန်ရက် (Core Network) မှစ၍ သုံးစွဲသူ (End User)အထိ အင်တာနက်ဆက်သွယ်မှု နှေးကွေးစေနိုင်သော အချက်များကို ရှာဖွေစိစစ်၍ ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် လက်ရှိကျွန်တော်တို့ စင်္ကာပူနိုင်ငံ National Computer System (NCS) ကုမ္ပဏီ၊ ထိုင်းနိုင်ငံ Loxley ကုမ္ပဏီတို့မှ ပညာရှင်များ ဖိတ်ခေါ်ပြီးတော့ ၂၀၁၁ ခုနှစ် နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင်(၂)ကြိမ် ကွင်းဆင်းလေ့လာစိစစ်ဆောင်ရွက် လျက်ရှိပါတယ်။ အဆိုပါ ပညာရှင်များရဲ့ အကြံပြုချက်များအရ မကြာခဏပြတ်တောက်လေ့ ရှိသော အာရှ - ဥရောပ ရေအောက်ဆက်ကြောင်း (SEA-ME-WE-3)၊ အခြား (SEA-ME-WE-4)အပြင်၊ အခြား (SEA-ME-WE-5) ဆက်ကြောင်းများတိုးချဲ့ချိတ်ဆက်ရေးနှင့် ကုန်းတွင်းနယ်စပ်ဖြတ်ကျော်ဆက်ကြောင်းများတိုးချဲ့ချိတ်ဆက်ရေး စင်္ကာပူနှင့်ဟောင်ကောင်နိုင်ငံများရှိ Data Center များတွင် ISP များ၏ Oversea POP တစ်ခုဆီ ထပ်မံချိတ်ဆက်သွားရန် စသည့်လုပ်ငန်းစဉ်များအား သက်ဆိုင်ရာပြည်ပကုမ္ပဏီများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်လျက် ရှိပြီး Internet Bandwidth ကိုလည်းပဲ ယခင်ကမတူ (၃)ဆခန့်မြှင့်မားပြီးတော့ လက်ရှိ အခြေအနေမှာ 14Gb အထိတိုးချဲ့ထားပြီးလည်းဖြစ်ပါတယ်။ မကြာမီကာလအတွင်း အင်တာနက်သုံးစွဲမှုတွင် မိမိသုံးစွဲသည့် DownLoad ပမာဏကိုသာ ပေးရမည့် တန်ဘိုးနည်းစနစ်ကိုလည်း Wi Max စနစ်တွင် သုံးစွဲမည်ဖြစ်၍ အင်တာနက်သုံးစွဲမှုတန်ဘိုးများ ပိုမိုလျော့ကျလာမှာကို တွေ့ရှိသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံ ကျင်းပခဲ့သော(၁၁)ကြိမ်မြောက် အာဆီယံနှင့် ဆွေးနွေးဘက်နိုင်ငံများ၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ ဝန်ကြီးအဆင့်ညီလာခံတွင် ဆွေးနွေး ညှိနှိုင်းချက်များအရ 2$^{nd}$ ICT

Master Plan (2010-2015) အား အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့အနေနဲ့လည်း ICT အသုံးချနိုင်မှု ပိုမိုမြင့်တင်နိုင်ရေး ပြည်တွင်း/ပြည်ပမှ ပညာရှင်များဖိတ်ကြား၍ မည်သို့ ဆောင်ရွက်သင့်သည်ကို ဝိုင်းဝန်းအဖြေရှာဆွေးနွေးမည့် National ICT Forum ကို ၂၀၁၂ ခုနှစ်၊ ဇွန်လအတွင်း ကျင်းပရန် ကျွန်တော်တို့ ဆောင်ရွက် နေလျက်ရှိပါတယ်။ ၎င်း Forum မှ ရရှိလာမည့် အကြံပြုချက်၊ ဆွေးနွေးချက်များအတိုင်း ထပ်မံဆောင်ရွက်ပါက အင်တာနက်စနစ်သည် သင့်လျော်သည့်စျေးနှုန်းဖြင့် မြန်ဆန်ကောင်းမွန်သော အခြေအနေသို့ရောက်ရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဟာ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို ပြည်သူများ စျေးနှုန်းသက်သာစွာဖြင့် အဆင်ပြေချောမွေ့စွာ ပြောဆိုဆက်သွယ်အသုံးပြုနိုင်အောင် ဆောင်ရွက်ပေးရမည့် ဌာနဖြစ်ပါတယ်။ ယင်းသို့ ဖြစ်စေရန်အတွက်လည်း အဆက်ဆက်သော တာဝန်ရှိသူအားလုံးမှ ကြိုးစား ဆောင်ရွက်ခဲ့ကြသလို ယခုလည်းပဲ ကြိုးစားဆက်လက်ဆောင်ရွက်နေကြောင်း တင်ပြအပ်ပါတယ်။ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအနေနဲ့ ပတ်သက်တဲ့ဆွေးနွေးချက်များကို ကျွန်တော်တို့ ဝန်ကြီးဌာနမှ အမှုထမ်းများအားလုံးက လေ့လာမှတ်သားပြီး အကောင်းဆုံးဖြစ်စေရန် ကြိုးစားသွားမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်မှာ ဆက်သွယ်ရေးကဏ္ဍနှင့် ပတ်သက်၍ ယခုလို ဆွေးနွေးဖြေကြားခွင့်ရတဲ့အတွက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်း မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့် မေးမြန်းထားတဲ့ မေးခွန်းနှင့်ပတ်သက်၍ ပြန်လည်တင်ပြဖြေကြားသွားမည် ဖြစ်ပါတယ်။ တနင်္သာရီမြို့နယ်၊ ပွိုင့်-၁၇၉၈ မိုက္ကရိုဝေ့ဗ် စခန်းမှာ လေပြင်းတိုက်ခတ်မှုကြောင့် ပြိုလဲပျက်စီးသွားသော တာဝါတိုင် အမြင့် (၃၂)မီတာအား အသစ်ပြန်လည်စိုက်ထူပေးရန်အတွက် ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့မှစတင်၍ Tower Foundation လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီလ ဒုတိယပတ်တွင် ဆောင်ရွက်

ပြီးစီးခဲ့ပြီ ဖြစ်ပါတယ်။ တာဝါတိုင်တပ်ဆင်ခြင်းလုပ်ငန်းနှင့် Transmission တပ်ဆင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ မတ်လ(၂၅)ရက်နေ့မှာ ပြီးစီးခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လက်ရှိအခြေအနေမှာ အားလုံးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း တင်ပြရင်းနဲ့ လက်ရှိတယ်လီဖုန်းဆက်သွယ်မှုများ ကောင်းမွန်စွာ ပြောကြားဆောင်ရွက်နေကြောင်း ဖြေကြားရင်းနှင့် ယခု ကြွရောက်လာကြသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်များအား အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု မိနစ်(၂၀) ခန့် ခေတ္တရပ်နားမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၁း၁၅ နာရီတွင် ခေတ္တရပ်နားပြီး ၁၁း၃၅ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၃၅။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး** ။ ။ အားလုံးထိုင်နိုင်ကြပါပြီ။

# ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော သွင်းကုန် ပို့ကုန် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာနှင့် အတူ အဆိုတင်သွင်းခြင်း

**အချိန်၊ ၁၁း၃၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ သွင်းကုန်ပို့ကုန် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော သွင်းကုန် ပို့ကုန် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဥပဒေကြမ်းကော်မတီ က ကော်မတီ၏ အစီရင်ခံစာနှင့်အတူ အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၆။**

**ဦးစံထွန်း ၊ (အတွင်းရေးမှူး၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၊ အတွင်းရေးမှူး ဦးစံထွန်းပဲဖြစ်ပါတယ်။ ကော်မတီကိုယ်စား သွင်းကုန်ပို့ကုန်ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ရက်စွဲ ။ ၂၀၁၂ ခုနှစ် မတ်လ (၂၁)ရက်

နိဒါန်း

၁။ ပြည်သူ့လွှတ်တော်၏ ၂၀၁၂ခုနှစ် ၊ မတ်လ(၁၅)ရက်၊ ရက်စွဲပါ စာအမှတ်၊ ၀၅/ ပသကမတ (၁)/၂၀၁၂-စ၁ဖြင့် သွင်းကုန်ပို့ကုန်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသို့ ပေးပို့လာခဲ့ပါသည်။ ယင်းဥပဒေကြမ်းတွင် အခန်းပေါင်း (၆)ခန်းနှင့် ပုဒ်မပေါင်း (၁၃)ခု ပါရှိပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီသည် သွင်းကုန်ပို့ကုန်ဥပဒေကြမ်းကို လေ့လာစိစစ်ရာ၌ အောက်ပါအချက်များကို ပြင်ဆင်အစားထိုးသင့်ကြောင်း တွေ့ရှိ၍ ပြင်ဆင်ဖြည့်စွက်ခဲ့ပါသည်။

(က) ဤ ဥပဒေကြမ်း ခေါင်းစဥ်ပုံစံမှာ မှားယွင်း၍ ပုံစံမှန်အောင် ပြင်ဆင်ခဲ့ပါသည်။

(ခ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အခန်း(၆) ပုဒ်မ ၁၁၏ အောက်တွင် ပုဒ်မ ၁၂ အဖြစ်

၁၂။ ဤ ဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဥ်း၊ စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့်ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်ဟု ပုဒ်မအသစ်ထပ်မံဖြည့်စွက်ခဲ့ပါသည်။ထို့ကြောင့် ပုဒ်မ ၁၂ နှင့် ၁၃တို့အား ပုဒ်မ ၁၃ နှင့် ၁၄ အဖြစ် အမှတ်စဥ်ပြောင်းလဲခဲ့ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ ပြည်သူ့လွှတ်တော်က ပေးပို့လာသည့် သွင်းကုန်ပို့ကုန်ဥပဒေကြမ်းကို ဤဥပဒေကြမ်းကော်မတီအနေဖြင့် ဥပဒေကြမ်းခေါင်းစဥ် ပုံစံမှန်အောင်ပြင်ဆင်ခဲ့ခြင်း၊ အခန်း(၆) အထွေထွေအခန်းတွင် ပုဒ်မအသစ်တစ်ခု ထည့်သွင်းခြင်းမှ အပ ပြည်သူ့လွှတ်တော်ကပြင်ဆင်သည့်အတိုင်း သဘောတူလက်ခံသည့် သွင်းကုန် ပို့ကုန်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုနိုင်ပါရန် တင်ပြအပ်ပါသည်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသောသွင်းကုန် ပို့ကုန် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၁း၃၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော သွင်းကုန် ပို့ကုန် ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ဆွေးနွေးလိုတဲ့အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း

**အချိန်၊ ၁၁း၃၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော် အစည်းအဝေးတွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း)အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၈-၃-၂၀၁၂ ရက်နေ့တွင် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က အဆိုတင်သွင်းခဲ့ပြီး ၁၉-၃-၂၀၁၂ ရက်နေ့တွင် ဆွေးနွေးခဲ့ရာ ၄င်းရက်နေ့တွင်ပင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ဆွေးနွေးနိုင်ရန် ၂၃-၃-၂၀၁၂ ရက်နေ့တွင် ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားတဲ့ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း)အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း)အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကိုဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၃၉။**

**ဥက္ကဋ္ဌ။** ။ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း)အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စု လွှတ်တော်က အမျိုးသားလွှတ်တော် အစည်းအဝေးတွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို ၂၇-၁-၂၀၁၂ ရက်နေ့တွင် သက်ဆိုင်ရာ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်က အဆိုတင်သွင်းခဲ့ပြီး ၂၁-၂-၂၀၁၂ ရက်နေ့တွင် ဆွေးနွေးခဲ့ရာ ၆-၃-၂၀၁၂ ရက် နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ဆွေးနွေးနိုင် ရန် ၈-၃-၂၀၁၂ ရက်နေ့တွင် ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားတဲ့ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**အချိန်၊ ၁၁း၄၁။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ဆွေးနွေးလိုတဲ့ အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော လူမှုဖူလုံရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း

**အချိန်၊ ၁၁း၄၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော် အစည်းအဝေးတွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော လူမှုဖူလုံရေးဥပဒေကြမ်းကို ၂၇-၁-၂၀၁၂ ရက်နေ့တွင် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က အဆိုတင်သွင်းခဲ့ပြီး ၁၇-၂-၂၀၁၂ ရက်နေ့တွင် ဆွေးနွေးခဲ့ရာ ၂၉-၂-၂၀၁၂ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် ၁-၃-၂၀၁၂ ရက်နေ့တွင် ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော လူမှုဖူလုံရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော လူမှုဖူလုံရေး ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၄၂။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော် က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော လူမှုဖူလုံရေး ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ဆွေးနွေးလိုတဲ့ အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဦးမောင်အေးထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇ ၊ ၄၂၆ ၊ ၄၂၇ တို့၏ ပြစ်မှုပြစ်ဒဏ်များကို ပြင်ဆင်ပြဋ္ဌာန်းသင့်ပါကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် /မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၄၃။**

**ဥက္ကဋ္ဌ။** ။ အဆိုတင်သွင်းခြင်း အစီအစဉ်မှာ ဒေါက်တာမြတ်ဉာဏစိုး က ဥပဒေကြမ်း ပူးပေါင်းကော်မတီတာဝန်နဲ့ အပြင်သွားနေတာဖြစ်တဲ့အတွက် ဦးမောင်အေးထွန်း ရဲ့ အဆိုကို စတင်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်အေးထွန်း က ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇ ၊ ၄၂၆ ၊ ၄၂၇ တို့၏ ပြစ်မှုပြစ်ဒဏ်များကို ပြင်ဆင်ပြဋ္ဌာန်းသင့်ပါကြောင်းနှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဦးမောင်အေးထွန်း အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၄၃။**

**ဦးမောင်အေးထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ရှေ့နေတော်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအား လေးစားကြောင်း ပမာဏ ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) ဘူးသီးတောင်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမောင်အေးထွန်း ဖြစ်ပါတယ်။ ကျွန်တော်တင်သွင်းလိုတဲ့ အဆိုကတော့ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ ၊ ၄၂၆ ၊ ၄၂၇ ပြစ်မှုပြစ်ဒဏ်များကို ပြင်ဆင်ပြဋ္ဌာန်းသင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းသည့်အဆိုကို လေးစားစွာ တင်ပြတင်သွင်းအပ်ပါသည် ခင်ဗျား။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ယခင်က ရာဇသတ်ကြီးဥပဒေလို့ခေါ်ခဲ့ပါတယ်။ အခုတော့ ပြစ်မှုဆိုင်ရာဥပဒေလို့ ခေါ်တွင်ခြင်းဖြစ်ပါတယ်။ ဒီဥပဒေနဲ့ပတ်သက်ပြီးတော့ ပုဒ်မ(၃)ခု ဆိုပေမယ့် ကျွန်တော့်အနေဖြင့် ဤပုဒ်မ ၄၁၇ ၊ ၄၂၆ ၊ ၄၂၇တို့ကို အချက်(၂)ချက်ဖြင့် တစ်ပြိုင်တည်းတင်သွင်းသွားမှာ ဖြစ်ပါတယ်။ ပထမအချက်အနေဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ ဖြစ်ပါတယ် ။ အဲဒီပုဒ်မကတော့ လိမ်လည်မှုဖြစ်ပါတယ်။ ဒီ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇ အဆိုတင်သွင်းတဲ့နေရာမှာ ကျွန်တော်မှ စကားရပ်တစ်လုံးကို လွှတ်တော်ကြီးနဲ့ မအပ်စပ်တဲ့ အတွက် သံဝါသ ဆိုတဲ့ စကားလုံးတစ်လုံးနဲ့ အစားထိုးတင်သွင်းထားရှိကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ပုဒ်မ ၄၁၇ မှာ မည်သူမဆို လိမ်လည်မှုကို ကျူးလွန်လျှင် ထိုသူကို တစ်နှစ် အထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မသည် သာမန်လိမ်လည်မှုဖြစ်ပါတယ်။ ဒါပေမဲ့ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ ရဲ့ အနက်အဓိပ္ပာယ်ကို ပြစ်မှုဆိုင်ရာဥပဒေ ၁၅မှာ ၊ ၁၅ ၏ ဒုတိယအပိုဒ်မှာ အဆိုတစ်ခု ရှိနေပါတယ်။ အဲဒီ အဆိုကဘာလဲဆိုတော့ အမျိုးသားတစ်ဦးက အမျိုးသမီးတစ်ဦးအား လက်ထပ်ပါမည်ဟု ယုံကြည်အောင်ပြောဆိုပြီး သံဝါသရယူပြီးနောက် လက်ထပ်ရန် ငြင်းဆိုလျှင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ အရ လိမ်လည်မှုမြောက်သည်ဟု ဖော်ပြထားသည့်အတိုင်း တရားရုံးတော်များက သာမန်အဲဒီအမျိုးသမီးတစ်ဦးကို လိမ်လည်ပြီးတော့ သံဝါသပြုတဲ့ကိစ္စကို သာမန်လိမ်လည်မှုနှင့် တန်းတူထားပြီးတော့ တရားရုံးတော်တွေက တန်းတူထောင်ဒဏ် (၁)နှစ်အထိ၊ ငွေဒဏ်ဖြစ်စေ၊ ထောင်ဒဏ်ဖြစ်စေ ချမှတ်နေကြကြောင်း ကျွန်တော့်အနေဖြင့် အများကြီးတွေ့ရှိရပါတယ်။ အမျိုးသားတစ်ဦးက အမျိုးသမီးတစ်ဦးကို

လိမ်လည်လှည့်ဖျားပြီး သံဝါသပြုရခြင်းမှာ အမျိုးသမီးတစ်ဦး၏ စောင့်ထိန်းရမည့် ဟိရိသြတ္တပ္ပတရား ပျက်စေသည့်အပြင် ပေးဆပ်လိုက်ရတဲ့ အသွေးအသားအားလုံး၊ ဘဝတစ်ခုလုံး ဆုံးရှုံးသွားရတဲ့လိမ်လည်မှုဖြစ်တဲ့အတွက် သာမန်လိမ်လည်မှုထက် များစွာ၊ များစွာ ကြီးလေးလျက် ရှိပါတယ်။ ထို့ကြောင့် သာမန်လိမ်လည်မှုဖြင့် တန်းတူမထားဘဲ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇ သာမန်လိမ်လည်မှုဖြင့် တန်းတူမထားဘဲ အမျိုးသမီးတစ်ဦးအား သွေးဆောင်သံဝါသပြုသည့် လိမ်လည်မှုပြစ်ဒဏ်ကို ဒုတိယအပိုဒ်အဖြစ် လိုအပ်သလို ပြင်ဆင်သင့်ပါကြောင်း ပထမအချက် အနေဖြင့် အဆိုပြုတင်ပြအပ်ပါတယ်။

ဒုတိယအချက်အနေဖြင့်တော့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၆ နဲ့ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၂၇ ဖြစ်ပါတယ်။ အဲဒီ ၄၂၆ နဲ့ ၄၂၇ တို့ဟာ အကျိုးဖျက်ဆီးမှုများဖြစ်ပါတယ်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၆ မှာ မည်သူမဆို အကျိုးဖျက်စီးမှုကို ကျူးလွန်လျှင် ထိုသူကို (၃)လအထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားရှိပါတယ်။ တစ်ဖန်ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၇ ကို မည်သူမဆို အကျိုးဖျက်ဆီးမှု ကျူးလွန်၍ ထိုအကျိုးဖျက်ဆီးမှု၏ တန်ဖိုးငွေ(၅၀)ကျပ်အောက် မနည်း ဆုံးရှုံးလျှင် သို့မဟုတ် ပျက်စီးနစ်နာစေလျှင် ထိုသူကို(၂)နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုး ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးကိုဖြစ်စေ ချမှတ်ရန် ပြဋ္ဌာန်းထားရှိပါတယ်။ ထို့ကြောင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၆ ဟာ အကျိုးဖျက်ဆီးမှု တန်ဖိုးငွေ(၅၀)အောက်သာ ရှိပါတယ်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၇ အကျိုးဖျက်ဆီးမှုရဲ့ တန်ဖိုး(၅၀)နှင့်အထက်မှာ ရှိပါတယ်။ အခုခေတ်၊ အခုအချိန်အခါမှာ ငွေတန်ဖိုး(၅၀)ကျပ်ဟာ ခဲတံတစ်ချောင်း၊ ပေတံတစ်ချောင်း ထက်တောင် တန်ဖိုးနည်းပါတယ်။ အဲဒီခဲတံတစ်ချောင်း၊ ပေတံတစ်ချောင်းထက် တန်ဖိုးနည်းတဲ့ အကျိုးဖျက်ဆီးမှုကို ကျူးလွန်ခြင်းအားဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၆ အရ အဲဒီကျူးလွန်တဲ့ သူကို ထောင်ဒဏ် (၃)လ ချမှတ်ခြင်း အလွန်တရာမှ ကြီးလေးတဲ့ ပြစ်ဒဏ်တစ်ရပ်ဖြစ်ကြောင်း တွေ့ရှိနေရပါတယ်။ ထို့ပြင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၇၊ အဲဒီ(၅၀)အထက်ဆိုတဲ့အတွက် အဲဒီ(၅၀)ထက်အတန်းအစားကြီးတဲ့ပြစ်မှုကို ကျူးလွန်ခြင်းအားဖြင့် အဲဒီလူကို ထောင်ဒဏ် (၂)နှစ်အထိ ချမှတ်ခြင်းဟာလည်း အလွန်တရာမှ ကြီးလေးသည့် ပြစ်ဒဏ်ဖြစ်နေတဲ့အတွက် အဲဒီပြစ်ဒဏ်ကို ၄၂၆ နှင့် ၄၂၇ ပြစ်ဒဏ်ကို လိုအပ်သလို ပြင်ဆင်သင့်ပါကြောင်း ဒုတိယအချက်အနေဖြင့် တင်ပြအပ်ပါတယ်။ ထို့ကြောင့် ကျွန်တော် အခုတင်ပြလိုတဲ့

အဆိုကတော့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇၊ ၄၂၆၊ ၄၂၇ တို့၏ ပြစ်မှုပြစ်ဒဏ်များကို ပြင်ဆင်သင့်ပါကြောင်း နိုင်ငံတော်အစိုးရအား တိုက်တွန်းသည့်အဆိုကို လေးစားစွာ တင်သွင်းရင်း နိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဆက်လက်ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၄။**

**ဦးဇာယာဒ်ရော်မံ(ခ)ဦးဌေးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးမောင်အေးထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ "ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ ၊ ၄၂၆ ၊ ၄၂၇ တို့၏ ပြစ်မှုပြစ်ဒဏ်များကို ပြင်ဆင်ပြဋ္ဌာန်းသင့်ပါကြောင်း" ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကျွန်တော် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်( ၇)မှ ဦးဌေးဝင်း မှ ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၅၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးမောင်အေးထွန်း တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ "ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ ၊ ၄၂၆ ၊ ၄၂၇ တို့၏ ပြစ်မှုပြစ်ဒဏ်များကို ပြင်ဆင်ပြဋ္ဌာန်းသင့်ပါကြောင်း" ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။

**အချိန်၊ ၁၁:၅၅။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးမောင်အေးထွန်း ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူ ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ဦးမောင်အေးထွန်း တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ မြန်မာနိုင်ငံ စီးပွားရေးနှင့် အင်ဂျင်နီယာပညာရပ်ဖွံ့ဖြိုးတိုးတက်မှု (Economic And Engineering Development Of Myanmar)အတွက် အစီရင်ခံစာများ ပြုစုတင်ပြနိုင်ရေး၊ ပြည်တွင်းကျွမ်းကျင်ပညာရှင်များ/ နိုင်ငံခြားကျွမ်းကျင်ပညာရှင်များကို ဌားရမ်းဆောင်ရွက်ရန်နှင့် အဆင့်မြင့်လုပ်ငန်း ကြီးကြပ် ညှိနှိုင်းမှုကော်မတီတစ်ရပ် ဖွဲ့စည်းသွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်း နှင့် လက်ခံ ဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁:၅၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် က မြန်မာနိုင်ငံ စီးပွားရေးနှင့် အင်ဂျင်နီယာပညာရပ် ဖွံ့ဖြိုးတိုးတက်မှု (Economic And Engineering Development Of Myanmar) အတွက် အစီရင်ခံစာများ ပြုစုတင်ပြနိုင်ရေး၊ ပြည်တွင်းကျွမ်းကျင်ပညာရှင်များ/နိုင်ငံခြား ကျွမ်းကျင် ပညာရှင်များကို ဌားရမ်းဆောင်ရွက်ရန်နှင့် အဆင့်မြင့်လုပ်ငန်း ကြီးကြပ်ညှိနှိုင်းမှုကော်မတီ တစ်ရပ် ဖွဲ့စည်းသွားရန်နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသား လွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဦးမျိုးမြင့် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၅၆။**

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ အားလုံးကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံ စီးပွားရေးနှင့် အင်ဂျင်နီယာပညာရပ်ဖွံ့ဖြိုးတိုးတက်မှု (Economic and Engineering Development of Myanmar) အတွက် အစီရင်ခံစာများ ပြုစုတင်ပြနိုင်ရေး၊ ပြည်တွင်းကျွမ်းကျင်ပညာရှင်များ/ နိုင်ငံခြားကျွမ်းကျင်ပညာရှင်များကို ငှားရမ်းဆောင်ရွက်ရန်နှင့် အဆင့်မြင့်လုပ်ငန်း ကြီးကြပ် ညှိနှိုင်းမှုကော်မတီတစ်ရပ် ဖွဲ့စည်းသွားရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ယင်းအဆိုကို အချိန်ငဲ့ညှာသောအားဖြင့် ဖတ်ကြား တင်သွင်းခွင့်ပြုပါရန်နှင့် အင်္ဂလိပ်ဝေါဟာရအသုံးအနှုန်းများကိုလည်း သုံးစွဲခွင့်ပြုပါရန် တစ်ပါတည်း ဥက္ကဋ္ဌကြီးကို ပန်ကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိပြည်ထောင်စုအစိုးရဟာ မြန်မာနိုင်ငံကို ဘက်ပေါင်းစုံမှ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် မြန်ဆန်သော ပြုပြင်ပြောင်းလဲမှုများနှင့်အတူ အရှိန်အဟုန်မြင့် ဆောင်ရွက်လုပ်ကိုင်လျက်ရှိနေတာကိုလည်း တွေ့ရှိကြရမှာဖြစ်ပါတယ်။ ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ဖြစ်စဉ်ပြောင်းလဲနေမှုများ Globalization ဖြစ်ထွန်းနေတဲ့ အချိန်အခါမှာ နိုင်ငံတကာစီးပွားရေးအင်ဂျင်နီယာပညာရပ်၊ ဆေးဘက်ဆိုင်ရာ ပညာရပ်၊ စာပေအနုပညာ သွားလာကူးလူးဆက်ဆံမှု၊ ဘာသာရပ်ပေါင်းစုံ သုတေသန၊ သိပ္ပံနှင့် နည်းပညာစတဲ့ နယ်ပယ်အသီးသီးမှာလည်း တိုးတက်ပြောင်းလဲလျက်ရှိပြီး၊ အမြင်ချင်း၊ အတွေ့ အကြုံချင်း အပြန်အလှန် ဖလှယ်ဆက်ဆံမှုများဟာ မြန်ဆန်စွာ ဖြစ်ပေါ်လျက်ရှိနေတာကိုလည်း အားလုံးသိရှိကြပြီးဖြစ်ပါတယ်။

ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ လက်ရှိစီးပွားရေးဝန်ကြီးဌာနအသီးသီးဟာ ယခင် ဖ.ဆ.ပ.လ အစိုးရခေတ်လက်ထက်အတွင်းက ပြုစုထားရှိပြီးတဲ့ "ပြည်တော်သာစီမံကိန်းများ

အစီရင်ခံစာ"ဟု လူသိများတဲ့ "ECONOMIC AND ENGINEERING DEVELOPMENT OF BURMA" အစီရင်ခံစာများကိုပါ လေ့လာဆန်းစစ်တွေ့ရှိချက်များအရ ဖော်ပြပါရှိခဲ့တဲ့ စီမံကိန်းများနဲ့ လုပ်ငန်းဆိုင်ရာအချက်အလက်များကို အများအားဖြင့် မှီငြမ်းဆောင်ရွက်လုပ်ကိုင်လျက် ရှိနေတာကို သုံးသပ်တင်ပြလိုပါတယ်။ ဒီအစီရင်ခံစာများကို အမေရိကန်နိုင်ငံ အခြေစိုက် ဌာနချုပ် တည်ရှိတဲ့ KNAPPEN TIPPETTS ABBETT McCarthy ENGINEERING CO., New York City associated with PIERCE MANAGEMENT, INC., and ROBERT R. NATHAN ASSOCIATES, INC. Washington D.C, Economists အဖွဲ့အစည်းများ အောက်မှာရှိတဲ့ ဘာသာရပ်ပိုင်းဆိုင်ရာ ပညာရှင်များက ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရနှင့် ၁၉၅၁ ခုနှစ်၊ ဩဂုတ် လ ၈ ရက်နေ့မှာ လက်မှတ်ရေးထိုးခဲ့ပြီးတော့ အောက်ဖော်ပြပါ ဆောင်ရွက်ပေးရမည့် လုပ်ငန်းအတိုင်းအတာများ ပါဝင်သည့် Preliminary Report on Economic and Engineering Survey of Burma for Burma Economic Council (January 1952) ကို ၁၉၅၂ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် တင်သွင်းခဲ့ပါတယ်။ ဒါတွေကတော့- 1 Surverys and Reports ၊ a. Preliminary Survey and Report , b. Project Surveys and Reports, c. Comprehensive Report ၊ 2. Preparation of Applications for Planning ၊ 3. Services Related to Specific Project ၊ 4. Continuous Engineering, Consulting and Economic Advisory Services ၊ 5. Purchasing Services ၊ 6. Training of Burmese Technicians ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ မြန်မာနိုင်ငံရဲ့ စီးပွားရေးနှင့် အင်ဂျင်နီယာပညာရပ် ဖွံ့ဖြိုးမှုအတွက် လေ့လာရရှိချက် အစီရင်ခံစာများဟာ အောက်ဖော်ပြပါ ကဏ္ဍများပါရှိခဲ့ပြီးတော့ နိုင်ငံ့ဖွံ့ဖြိုးမှုအတွက် ထုတ်ယူအသုံးပြုသွားနိုင်ရန် စူးစမ်းလေ့လာ ထားရှိမှု အသေးစိတ် အချက်အလက်များ၊ စာရင်းဇယားများ၊ မြေပုံကားချပ်များ စသည်တို့ဖြင့် ဝေဝေဆာဆာဖော်ပြထားကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။Section I - စီးပွားရေးဖွံ့ဖြိုးမှု အစီအစဥ် နောက်ခံသမိုင်း (General Back-ground of The Economic Development Program)၊ Section II - မြန်မာနိုင်ငံသားများနှင့် ၎င်းတို့ရဲ့ သက်သာချောင်ချိရေး (People of Burma and Their Welfare)၊ Section III - ဘဏ္ဍာငွေကြေးစနစ် (Financial System)၊

Section IV - စိုက်ပျိုးရေးကဏ္ဍ (Agriculture)၊ Section V - သစ်တောကဏ္ဍ(Forestry)၊ Section VI - မြန်မာနိုင်ငံ၏ သတ္တုနှင့် သယံဇာတ စက်မှုကဏ္ဍ (Mineral Industry of Burma)၊ Section VII - စက်မှုလက်မှုကဏ္ဍ (Industries)၊ Section VIII - သယ်ယူ ပို့ဆောင်ရေး ကဏ္ဍ (Transportations) ထပ်ခွဲတဲ့အခါမှာ - (a) ဆိပ်ကမ်းများနှင့် ရေလမ်းများ (Ports and Waterways)၊ (b) မီးရထား(Railways)၊ (c) လမ်းမကြီးများ (Highways)၊ (d) မြို့ပြ လေကြောင်းများ (Airways)၊ Section IX ဆက်သွယ်ရေးကဏ္ဍ (Communication)၊ Section X ရေသယံဇာတအရင်းအမြစ်များ (Water Resources)၊ Section XI လျှပ်စစ် စွမ်းအားကဏ္ဍဖွံ့ဖြိုးတိုးတက်မှုများ (Power Development)၊ Section XII စီမံကိန်းများနှင့် စီးပွားဖွံ့ဖြိုးတိုးတက်မှု ကြီးကြပ်ဆောင်ရွက်ရေးအတွက် ဖွဲ့စည်းပုံ (Organization for Planning and Execution of Economic Development)။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ စီးပွားရေးနှင့် အင်ဂျင်နီယာပညာရပ် ဖွံ့ဖြိုးတိုးတက်မှု ပညာရပ်အတွက် ယင်းအစီရင်ခံစာများပါ စီးပွားရေးကွင်းဆင်းလေ့လာမှုစစ်တမ်းများ ကောက်ယူရာမှာ ရှမ်းပြည်နယ်၊ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ကယားပြည်နယ်၊ချင်းပြည်နယ် တို့အပြင် မြန်မာနိုင်ငံရဲ့ မိုးခေါင်ရေရှားရပ်ဝန်းဒေသများပါ ပါဝင်ခဲ့တာ တွေ့ရှိရပါတယ်။ Economic Survey of Shan, Kachin, Karen, Kayah, Chin and Dry Zone (1956) အစီရင်ခံစာဖြင့် ပြုစုတင်ပြခဲ့ပါတယ်။ အချိန်ကို လေးစားသောအားဖြင့် ဘက်ပေါင်းစုံမှ အသေးစိတ် လေ့လာဆန်းစစ်ချက်များ သုံးသပ်တွက်ချက်မှုများကို ဖော်ပြခြင်းမပြုတော့ဘဲနဲ့ ခေါင်းစဉ်များရဲ့အောက်ရှိတဲ့ အဓိကကဏ္ဍများကိုသာ ဖော်ပြပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံသားများ အများစုသိကြတဲ့ KTA Report ဟာ အစီရင်ခံစာ စာအုပ်အတွဲ(၁)က (၁၆) အထိ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆက်စပ်တဲ့ ဘာသာရပ်ဆိုင်ရာများကို အသီးသီးလေ့လာပြုစုတင်ပြထားတာကို အောက်ပါ အတိုင်းဖော်ပြလိုပါတယ်။ဒီအစီရင်ခံစာများကို ၁၉၅၃ ခုနှစ် ဩဂုတ်လမှာစာချုပ်စည်းကမ်းချက် များပါအတိုင်း လပေါင်း(၂၀) အတွင်းမှာ အပြည့်အစုံ တင်သွင်းခဲ့ပါတယ်။ အစီရင်ခံစာများ ပြုစု တင်ပြခြင်းအတွက် နိုင်ငံခြားသုံးငွေကို အမေရိကန်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အဖွဲ့အစည်းမှ ကျခံခဲ့ပါတယ်။ စာချုပ်ပါအရ KTA Mccarthy Engineering ကုမ္ပဏီမှ

လေ့လာပြုစုခဲ့တဲ့ အချက်အလက်များအတွက် မည်မျှကြိုးပမ်းခဲ့ရသည်ကို မြန်မာနိုင်ငံအတွက် ယနေ့အထိ ထုတ်နုတ်မှီငြမ်း ကိုးကားနေရသေးတာကို လက်ရှိကကို သက်သေပြလျက်ရှိတာကိုလည်း တင်ပြလိုပါတယ်။

နံပါတ်(၁) Comprehensive Report, Economic and Engineering Development of Burma Prepared for the Government of the Union of Burma Vol. 1: Introduction Economic and Administration, Agriculture and Irrigation, Transportation (1953) ကျွန်တော် အသေးစိတ်တော့ ကျွန်တော် မဖတ်တော့ပါဘူး။ အားလုံးပေါင်း ကျွန်တော်တို့ (၁၆)မျိုးမှာ စာအုပ်အတွဲပေါင်းများစွာနဲ့ ပြုစုတင်ပြထားတာ ဖြစ်ပါတယ်ခင်ဗျ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်တင်ပြပါ မြန်မာနိုင်ငံ စီးပွားရေးနဲ့ အင်ဂျင်နီယာပညာရပ်ဖွံ့ဖြိုးမှုအတွက် တင်ပြအစီရင်ခံစာပါ (KTA Report) စီးပွားရေး ဝန်ကြီးဌာနများနှင့်သက်ဆိုင်တဲ့ စုဆောင်းရရှိခဲ့တဲ့ အချက်အလက်များဟာ ယနေ့ အချိန်ကာလနဲ့ နှိုင်းယှဉ်ပါက နှစ်ပေါင်း (၅၈)နှစ်ခန့် ရှိနေပြီဖြစ်လို့ မှီငြမ်းလိုက်နာဆောင်ရွက်ရန် ဖြစ်နိုင်စွမ်း နည်းပါးလာသည်ဟု ယူဆပါတယ်။ ဒီနေ့ မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာနယ်ပယ်မှာ အဘက်ဘက်မှ လေ့လာသုတေသနပြုတိုးတက်မှုများ မြင့်မားနေပြီဖြစ်ရာ မြန်မာနိုင်ငံရဲ့ ရေ၊ မြေ၊ သဘာဝတောတောင်၊ ရာသီဥတု၊ သဘာဝအရင်းအမြစ်များနဲ့ သယံဇာတပစ္စည်းများ၊ သွားလာဆက်သွယ်ရေးအခြေအနေများ၊ ကမ္ဘာကြီးပူနွေးလာမှုနဲ့ ဆက်စပ်တဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနဲ့ ဆိုင်ရာကိစ္စရပ်များ စသည် စသည်တို့ဟာ လုံးဝနီးပါးပြောင်းလဲလာပြီလို့ မှတ်ယူရမှာ ဖြစ်ပါတယ်။

တင်ပြပါ ရှေးယခင်ခေတ် အစိုးရလက်ထက် ပြုစုခဲ့တဲ့ မြန်မာနိုင်ငံရဲ့ စီးပွားရေးနဲ့ အင်ဂျင်နီယာပညာရပ် ဖွံ့ဖြိုးတိုးတက်စေမှုအတွက် လက်ဝယ်ရှိပြီးဖြစ်တဲ့ အစီရင်ခံစာများမှာ လွယ်လွယ်ကူကူနှင့် ရရှိခြင်းမဟုတ်ဘဲ ငွေအား၊ လူအား၊ ပညာရပ်အားများ အပြည့်အစုံနဲ့ ပြည်တွင်းမှ ဝန်ကြီးဌာနအသီးသီးရှိ အလွှာပေါင်းစုံက လူပုဂ္ဂိုလ်များ၊ ပညာရပ်ပိုင်းဆိုင်ရာ၊ စီးပွားရေးပိုင်းဆိုင်ရာတို့မှာ ရင့်ကျက်အတွေ့အကြုံရှိကြတဲ့ ပြည်ပအဖွဲ့အစည်းများရဲ့ ကြိုးပမ်းအားထုတ်မှုအပေါ်မှာ မှတ်တမ်းတင်ထားတဲ့ အောင်မြင်မှုရလဒ်များဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့

စီးပွားရေးဖွံ့ဖြိုးတိုးတက်စေမှု (၂၀၀၁-၂၀၀၂)မှ (၂၀၃၀-၃၁)ခုနှစ်အထိ နှစ်(၃၀)မဟာစီမံကိန်းကိုလည်း ASEAN VISION (2020)အတွက် (၁၀)နှစ်ဆောင်းပြီးတော့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဝန်ကြီးဌာနများအတွက် ပြုစုရေးဆွဲခဲ့ပါတယ်။ သို့သော်လည်းပဲ အများအားဖြင့် ယနေ့ ယခု ဆက်စပ်တင်ပြ KTA Report ပါ အချက်အလက်အချို့ မှီငြမ်းမှုအပါအဝင် ယခင်က စုဆောင်းရရှိသမျှ အခြေခံအချက်အလက်များ၊ မြေပုံပေါ် လေ့လာမှု(Desk Study) အချက်အလက်များ အသေးစိတ်စူးစမ်းလေ့လာမှု မပြည့်စုံသည့် အချက်အလက်များအပေါ် မှီငြမ်းပြုစုခဲ့တာဖြစ်လို့ ရုံးတွင်းနှင့် နယ်မြေ(Field)သို့ သွားရောက်ကွင်းဆင်းလေ့လာမှု စစ်တမ်းများကောက်ယူနိုင်မှသာလျှင် နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဦးစားပေးလုပ်ဆောင်ရမယ့် လုပ်ငန်းများကို သတ်မှတ်စီမံဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒီနေ့ ပြည်ထောင်စုအစိုးရအနေနဲ့ အလားတူ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုမှုဆိုင်ရာအချက်အလက်အပြည့်အစုံဖြင့် လေ့လာတင်ပြနိုင်ဖို့ လုံလောက်တဲ့ အချိန်ကာလ၊ ငွေကြေးထောက်ပံ့မှုတို့ဖြင့် ပြည်တွင်းနှင့် ပြည်ပအတွေ့အကြုံရှိ ပညာရပ်ပိုင်းဆိုင်ရာ အဖွဲ့အစည်းများအား ငှားရမ်းပြီးတော့ လက်ရှိပကတိအခြေအနေအရပ်ရပ်အပေါ်မှာ လက်တွေ့ကျကျ လေ့လာတင်ပြရန် အထူးအရေးကြီးတယ်လို့ သုံးသပ်လိုပါတယ်။ ဒီလို အသေအချာစူးစမ်းလေ့လာပြီးရရှိသင့်တဲ့ စီးပွားရေးစစ်တမ်းဆိုင်ရာအချက်အလက်များ၊ နှစ်တိုနှစ်ရှည်အမျိုးသားစီမံကိန်းများစသည်တို့ ပေါ်ထွက်လာပြီးနောက်မှာ နှစ်စဉ် ပြည်ထောင်စုအစိုးရမှတင်သွင်းရတဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ထည့်သွင်းတွက်ချက်မှုများကို လက်တွေ့အထောက်အကူ ဖြစ်မယ်ဆိုတာကို ကျွန်တော် တင်ပြလိုပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံစီးပွားရေးနဲ့ အင်ဂျင်နီယာပညာရပ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အစီရင်ခံစာများ ပြုစုတင်ပြနိုင်ရေး၊ ပြည်တွင်းကျွမ်းကျင်ပညာရှင်များ/နိုင်ငံခြားကျွမ်းကျင်ပညာရှင်များငှားရမ်းဆောင်ရွက်နိုင်ရန်နှင့် အဆင့်မြင့်လုပ်ငန်းကြီးကြပ်မှုကော်မတီတစ်ရပ်ကို ဖွဲ့စည်းသွားရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးမျိုးမြင့် ဒီစာအုပ်(၃၁)အုပ်က ဦးမျိုးမြင့် ဆီမှာရှိလား။

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ ကျွန်တော့်ဆီမှာ တချို့ တစ်ဝက်ရှိတယ် ခင်ဗျား။ တချို့ဟာ ကျွန်တော်တို့ Library တွေမှာ ရှာပါမယ်။

**ဥက္ကဋ္ဌ။** ။ ဒါလေးတွေ ကျွန်တော်တို့က ကူးပြီးတော့ အမျိုးသားလွှတ်တော် Library မှာ ထားချင်ပါတယ်။

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ ကျွန်တော်လုပ်ပေးပါ့မယ် ခင်ဗျား။ ရပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီကူးတဲ့ကုန်ကျစရိတ် ဘာညာအားလုံး ကျွန်တော်တို့ဆီမှာ ရန်ပုံငွေ ရှိပါတယ်။

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ ဟုတ်ကဲ့၊ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ။** ။ ဒါလေး ဆောင်ရွက်ပေးပါ။

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ကျွန်တော်တို့ ဆီက တော့ တချို့တစ်ဝက်ပဲ ရှိတယ်ခင်ဗျ။ အပြည့်အစုံကျတော့ ကျွန်တော်က Library တွေမှာရှိပါ တယ်။

**ဥက္ကဋ္ဌ။** ။ ဟုတ်ကဲ့။ ငှားပြီးတော့ ကူးတာပေါ့။

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ အခြား Library တွေက။

**အချိန်၊ ၁၂း၀၆။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဆက်လက်ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၀၆။**

**ဦးအေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့် တင်သွင်းသွားတဲ့ မြန်မာနိုင်ငံစီးပွားရေးနဲ့ အင်ဂျင်နီယာပညာရပ် ဖွံ့ဖြိုးတိုးတက်မှု (ECONOMIC AND ENGINEERING DEVELOPMENT

OF MYANMAR) အတွက် အစီရင်ခံစာများ ပြုစုတင်ပြနိုင်ရေး၊ ပြည်တွင်းကျွမ်းကျင်ပညာရှင်များ/နိုင်ငံခြားကျွမ်းကျင်ပညာရှင်များကို ငှားရမ်းဆောင်ရွက်နိုင်ရန်နှင့် အဆင့်မြင့်လုပ်ငန်းကြီးကြပ်မှု ကော်မတီတစ်ရပ်ကို ဖွဲ့စည်းသွားရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးအေး မှ ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၂း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးမျိုးမြင့် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ မြန်မာနိုင်ငံစီးပွားရေးနဲ့ အင်ဂျင်နီယာပညာရပ် ဖွံ့ဖြိုးတိုးတက်မှု (ECONOMIC AND ENGINEERING DEVELOPMENT OF MYANMAR) အတွက် အစီရင်ခံစာများ ပြုစုတင်ပြနိုင်ရေး၊ ပြည်တွင်းကျွမ်းကျင်ပညာရှင်များ/ နိုင်ငံခြားကျွမ်းကျင်ပညာရှင်များကိုငှားရမ်းဆောင်ရွက်နိုင်ရန်နှင့် အဆင့်မြင့်လုပ်ငန်းကြီးကြပ်မှုကော်မတီတစ်ရပ်ကို ဖွဲ့စည်းသွားရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း ဖြစ်ပါတယ်။ ဒါကြောင့် အဆိုကို လက်ခံဆွေးနွေး ရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါ့မယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။)

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးမျိုးမြင့် ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးမျိုးမြင့် တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကြဖို့ ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်(၁၉) ရက်မြောက်နေ့ အစည်းအဝေးရပ်နားကြောင်းနှင့်(၂၀)ရက်မြောက်နေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၂း၀၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အခုလို စုံစုံညီညီနဲ့ ကျန်းကျန်းမာမာ ပြန်လည်တွေ့ဆုံရတဲ့အတွက် ဝမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်။ ဒီနေ့ အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ကို ၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၄ ရက် (အင်္ဂါနေ့)နေ့လယ် ၁း၀၀ နာရီမှာ ဆက်လက်ကျင်းပမှာ ဖြစ်ပါတယ်။ ဧပြီလ ၂၄ ရက်နေ့ မနက် ၁၀း၀၀ နာရီမှာတော့ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးရှိကြောင်း တစ်ခါတည်း ကြေညာအပ်ပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး(၁၉) ရက်မြောက်နေ့ အစည်းအဝေးကို ၁၂း၀၉ နာရီအချိန်တွင် ရပ်နားပါသည်။]